မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၃၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အမျိုးသားရေးသတိဖြင့် သိမြင်ထားကြရန်လိုအပ်

ကျွန်ုပ်တို့ပြည်ထောင်စုကြီးကို ကျူးကျော်သိမ်းပိုက်လိုသော၊ သြဇာလွှမ်းမိုး ခြယ်လှယ်လိုသော ကိုလိုနီနယ်ချဲ့လက်ဟောင်း လက်သစ်တို့သည် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အစီအစဉ်တကျ သပ်လျှိုဖြိုခွဲပြီး အမျိုးသားရေးအားမာန်ကို လျော့ပါးချည့်နဲ့အောင် လုပ်ဆောင်ခဲ့၊ လုပ်ဆောင်ဆဲဖြစ်သည်ကို အမျိုးသားရေးသတိဖြင့် သိမြင်ထားကြရန် လိုအပ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၈) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးမွေးမြူရေး အလေးထားဆောင်ရွက် စပါးနှင့်ပြောင်း တိုးချဲ့စိုက်ပျိုးပြီး ဒေသဝမ်းစာဖူလုံအောင် လုပ်ဆောင် တစ်ပိုင်တစ်နိုင် မွေးမြူရေးမှသည် စီးပွားဖြစ်ထွန်းသည်အထိ တိုးမြှင့်မွေးမြူ

နေပြည်တော် ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်း ကလေးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဖေဖော်ဝါရီ ၄ရက် နံနက်ပိုင်းတွင် ကလေးမြို့ (ခုတင်–၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများအားတွေ့ဆုံအားပေးနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျီခါးမြို့နယ်ရှိ အသင်းအဖွဲ့များအတွက် လက်ဆောင်ပစ္စည်းများနှင့် မြို့နယ်အတွက် ထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်းရှိ သဇင်ဆောင်၌ ဖလမ်းခရိုင်နှင့် ဖလမ်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်)

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ ကျန်းမာရေးနှင့်အညီ ကျင့်ကြံနေထိုင်စားသောက်

ယခုအခါ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများ အချိန်နီးကပ်လာပြီဖြစ်၍ သင်ခန်းစာများကို အပတ်တကုတ် လေ့လာကျက်မှတ်လျက်ရှိသကဲ့သို့ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို ကြိုတင်အချိန်ဇယားဆွဲ ပြင်ဆင်လျက်ရှိနေပြီ ဖြစ်သည်။

ကျောင်းသားကျောင်းသူများအနေဖြင့် ဖြေဆိုရမည့်ဘာသာရပ်များကို ပိုင်နိုင်စွာဖြေဆိုနိုင်ရေးအတွက် ကြိုးပမ်းကျက်မှတ်အားထုတ်လျက်ရှိသကဲ့သို့ မိမိတို့ကျန်းမာရေးကိုလည်း အထူးဂရုစိုက်ကြရန် အရေးကြီးပေသည်။

ကျောင်းသားကျောင်းသူများ စာမေးပွဲနီးကပ်လာသည့်အခါ ပိုမို၍ ကြိုးပမ်းအားထုတ်ရသဖြင့် ကျန်းမာရေးအတွက် စားချိန်၊ အိပ်ချိန် ပုံမှန်ရရှိရန်လိုအပ်သည်။ စာမေးပွဲကို စိတ်စောပြီး နေ့မနား၊ ညမအိပ် အပြင်းအထန်ကြိုးစားပါက စာမေးပွဲဖြေဆိုချိန်တွင် ဖျားနာတတ်ပေသည်။ ထို့ကြောင့် စိတ်ဖိစီးမှု၊ စိုးရိမ်ကြောင့်ကြမှုမဖြစ်စေဖို့ အထူးဂရုစိုက်ကြရမည်ဖြစ်သည်။

ကျောင်းသားကျောင်းသူများ စိတ်အာရုံကြည်လင်သည့်အချိန်တွင် သင်ခန်းစာများကို လေ့လာကျက်မှတ်မှု ပြုလုပ်သင့်ပေသည်။ စိတ်လန်းဆန်းခြင်း မရှိသည့်အခါတွင် အားကစားလှုပ်ရှားခြင်း၊ အပန်းဖြေမှုတစ်ခုခု ဆောင်ရွက်ခြင်းဖြင့် စိတ်လက်ပေါ့ပါး လန်းဆန်းစေမည်ဖြစ်သည်။

ထို့အပြင် အိပ်ရေးဝဝအိပ်စက်ပြီး နံနက်စောစော အိပ်ရာမှထကာ သင်ခန်းစာများကို ကျက်မှတ်ခြင်းသည်လည်း နည်းလမ်းကောင်းတစ်ခု ဖြစ်ပေသည်။

သို့ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအနေဖြင့် ကံ၊ ဉာဏ်၊ ဝီရိယကို မဏ္ဍိုင်ပြုပြီး ကျန်းမာရေးနှင့်အညီ ကျင့်ကြံနေထိုင်စားသောက်ခြင်းဖြင့် မိမိတို့၏ ရည်မှန်းချက်ပြည့်ဝစေရေး ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လမ်းသစ်ရိပ်သာ ဓမ္မာရုံတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် (၁၁)ရပ်ကွက် လမ်းသစ်ရိပ်သာဓမ္မာရုံ၏ သတ္တမအကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲအကြို ထေရဝါဒတရားပွဲ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်တွင် အရှင်ဝီရိယ(ဓမ္မဘေရီ) သာသနဓဇ ဓမ္မာစရိယ ဒီဃဘာဏက ဒီဃနိကာယအဂ္ဂဓမ္မာစရိယနှင့် ၈ရက်တွင် အရှင်ဆေကိန္ဒ(ဓမ္မဒူတ) A.G.T.I (Civil) သာသနဓဇဓမ္မာစရိယ သဒ္ဓမ္မနေပုညဓမ္မာစရိယ သာသနဇောတိပါလ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေတို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ (၁၀၄)

မြဝတီရုပ်မြင်သံကြား

၇-၂-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၂၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၄၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်**
- ၅း၀၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၂၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅း၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း-၂၀)
- ၆း၃၅ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၆၉)
- ၈း၀၀ ၁၆။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားတဲ့အချစ်** (အပိုင်း-၃)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု ကန်ကြီးထောင့်နှင့်ကျောင်းကုန်းမြို့နယ်များ၌ လမ်းသစ်များဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၆

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက် ပြီးစီးသော ကန်ကြီးထောင့်မြို့ မြို့လယ်လမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်းလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်က အဆိုပါမုခ်ဦးနေရာတွင်ကျင်းပရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ တက်ရောက် အားပေးကြသည်။

ရှေးဦးစွာ လမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်တစ်လျှောက်လှည့်လည်ကြည့်ရှုသည်။

အဆိုပါ လမ်းမှာ အရှည်ပေ ၁၅၅၀ရှိကာ ကန်ကြီးထောင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါလမ်းသည် ဘဲဂရက်-ဒီးဒုတ် ကျေးလက် ကျောက်ချောလမ်းနှင့်လည်းကောင်း၊ သာယာကုန်း၊ ပိတောက်ပင်၊ လေးဆူ ကျေးလက်ကျောက်ချောလမ်းနှင့်လည်းကောင်း၊မင်းကုန်းပိုင်းကျောက်ချောလမ်းနှင့်လည်းကောင်း၊ ကန်ကြီးထောင့်မြို့လယ်မှ ဖြတ်သန်းသွားသည့် ရန်ကုန်-ပုသိမ် ကားလမ်းမကြီးနှင့်လည်းကောင်း ဆက်သွယ်လျက်ရှိပြီး ကန်ကြီးထောင့်မြို့ပေါ် ခုနစ်ရပ်ကွက်မှ ပြည်သူများ၊ ဘဲဂရက်-ဒီးဒုတ် ကျေးလက် လမ်းအပိုင်းရှိ ကျေးရွာအုပ်စုခြောက်စုရှိ ကျေးလက်ပြည်သူများနှင့် ပိတောက်ပင်-လေးဆူ ကျေးလက် လမ်းအပိုင်းရှိ ကျေးရွာအုပ်စုရှစ်အုပ်စုရှိ ကျေးလက်ပြည်သူများ စုစုပေါင်း ၃၄၈၀၀ တို့၏ လမ်းပန်းဆက်သွယ်မှုများစွာ အထောက်အကူပြုသည့်မြို့ပြနှင့်ကျေးလက်ဆက်သွယ်သည့်အဓိကလမ်းမကြီးတစ်ခုဖြစ်သည်။

တက်ရောက်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည်ကျောင်းကုန်းမြို့နယ် မီးသွေးတိုက်-ပဲခူးစုကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

လမ်းသစ်အား မြို့နယ် ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် မြို့နယ်အသင်း အတွင်းရေးမှူး ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

၎င်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည်လမ်းသစ်တစ်လျှောက်လှည့်လည်ကြည့်ရှုကြသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျောင်းကုန်းမြို့နယ် ပဲခူးစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျေးလက်ပြည်သူများနှင့် တွေ့ဆုံကြောင်း သတင်းရရှိသည်။**(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

မြိတ်မြို့ ဆိပ်ငယ်ရပ်နေ ဦးအီစွမ်-ဒေါ် စော ခင် တို့က ဗဟန်းမြို့နယ် ဓီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင် အလှူငွေကျပ်ခြောက်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့နာယက ဦးကိုကိုကြီးလက်ခံယူစဉ်။

(က-ပ)

ဖေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် ၅ မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာနနာယက ဖေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယB.A)သည် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် တောမကျေးရွာတွင် တပေါင်းလဆန်း ၅ရက်မှ ၁၁ရက် (မတ်လ ၁၁ ရက်မှ ၁၇ ရက်)အထိ ကျင်းပမည့် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ ဆရာတော်၏ကျောင်းတိုက်အတွင်း သုံးထပ်ဓမ္မာရုံတော်ကြီးတည်ဆောက်မည် ဖြစ်ရာ ဖုန်း-၀၉-၅၁-၃၇၀၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

● ရွှေဖုံးမှ

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကလေးမြို့မှ ချင်းပြည်နယ် တီးတိန်မြို့သို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိကြရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် တီးတိန်မြို့ ကမ်ဟောက်ခန်းမ၌ တီးတိန်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး လက်ဖက်ဧက ၃၀၀၀ ကျော်နှင့် ခြံစည်းရိုးကြက်ဆူဧက နှစ်သောင်းကျော် စိုက်ပျိုးပြီးစီးမှု၊ နွားနောက်အကောင် ၄၀၀၀ ကျော် မွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ချင်းပြည်နယ်သို့ လာရောက်သည့် ခရီးစဉ်၏ ရည်ရွယ်ချက်များ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ၊ ချင်းပြည်နယ်၌ ဒေသဝမ်းစာဖူလုံရေး၊ လက်ဖက်ပြည်နယ်အဖြစ် ခိုင်ခိုင်မာမာဖြစ်ပေါ်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေးတို့ကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တီးတိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့အတွက် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း တာဝန်ရှိသူများအား ပေးအပ်ပြီး တီးတိန်မြို့နယ်အတွက် ဝန်ကြီးဌာနအသီးသီး၏ လက်ဆောင်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

အမှာစကား ပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တွန်းဇံမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

> **ရန်မီးမပွားအကျိုးများ**
>
> **ဤလောက၌ ရန်တုံ့ပြန်ခြင်းအားဖြင့် ဘယ်သောအခါမျှ မငြိမ်းကုန်။ ရန်တုံ့မမူသဖြင့်သာလျှင် ငြိမ်းကုန်၏။ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပင်တည်း။**
>
> **(ဓမ္မပဒ ၅)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် တီးတိန်မြို့မှ တွန်းဇံမြို့နယ် ကျီခါးမြို့သို့ရောက်ရှိကြပြီး နယ်စွန်နယ်ဖျား ကျီခါးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ဌာနဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း၊ (၁၆-ခုတင်)ဆံ့ ပြည်သူ့ဆေးရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထန်တလန်မြို့ (၁၆-ခုတင်)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ရေဒီယိုကြေးနန်းရုံးကို ဝင်ရောက် ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် ကျီခါးမြို့ အုပ်ချုပ်ရေးရုံး၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို မေးမြန်းရာ ဗိုလ်ချုပ်ခင်ဇော်က ကျီခါးမြို့အခြေအနေနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများအား ကျီခါးမြို့အတွက် လက်ဆောင်ပစ္စည်းများ၊ ထောက်ပံ့ငွေများကိုပေးအပ်ပြီး နယ်စွန်နယ်ဖျား နယ်စပ်မြို့ဖြစ်သည်နှင့်အညီ ညီညီညွတ်ညွတ်၊ တိုင်တိုင်ပင်ပင်၊ ချစ်ချစ်ခင်ခင်နေထိုင်ရေး၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်စွာ မြို့ကို ထူထောင်ရေး၊ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေးကို ဂရုပြုစောင့်ရှောက်ရေး၊ အုပ်ချုပ်ရေးယန္တရားကို လက်တွေ့ကျကျ ထူထောင်ပြီးဖြစ်၍ ဒေသခံများအား ကူညီစောင့်ရှောက်ရေး၊ တရားဥပဒေစိုးမိုးမှုခိုင်မာရေး၊ အုပ်ချုပ်ရေးစနစ် ထိရောက်ပီပြင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်သင့်သည်များကို ရှင်းလင်းမှာကြားသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် တွန်းဇံမြို့သို့ ရောက်ရှိကြပြီး (၁၆-ခုတင်)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကို ဝင်ရောက် ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်ဆရာဝန်နှင့် ဆရာမများက လိုက်လံရှင်းလင်းပြသကြပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဆေးရုံနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်ခန်းမသို့ သွားရောက်၍ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက နိုင်ငံတော်အဆင့် တာဝန်ရှိသူများ တွန်းဇံမြို့သို့ရောက်ရှိစဉ် မှာကြားဖြည့်ဆည်းပေးခဲ့မှုများကို အခြေခံ၍ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ ပိုးစာပင်ဧက ၂၀၀ ကျော်နှင့် လက်ဖက်ဧက ၁၄၀၀ ခန့် စိုက်ပျိုးပြီးစီးမှုများ၊ နွားနောက် ၁၂၀၀ ခန့် မွေးမြူထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထောက်ပံ့ပေးအပ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုကို ခေတ်မီကုန်းမြင့်လယ်ယာစိုက်ပျိုးမှုဖြင့် အစားထိုးပြီး စားနပ်ရိက္ခာဖူလုံအောင် ဆောင်ရွက်ရေး၊ လက်ဖက်တိုးချဲ့စိုက်ပျိုးရေး၊ နွားနောက်တိုးချဲ့မွေးမြူရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် လိုအပ်သည်များကို ရှင်းလင်းမှာကြားပြီး လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုပေးအပ်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တီးတိန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဖွင့်လှစ်သင်ကြား

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီတွင် တီးတိန်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြရာ ကျောင်းအုပ် ဒေါ်အေးမေနှင့် ဆရာမများက ဒေသခံတိုင်းရင်းသူများအတွက် သိုးမွေးစက်ဆွဲ၊ အခြေခံနှင့် အဆင့်မြင့် စက်ချုပ်သင်တန်း၊ ကြိမ်လုပ်ငန်း၊ ဝါးလုပ်ငန်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသူများ၏ လက်တွေ့ လေ့ကျင့်သင်ယူနေမှုများနှင့် သင်တန်းသူများ၏ လက်ရာပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

တွေ့ဆုံအားပေး

ဆက်လက်၍ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအားပေးနှုတ်ဆက်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက သင်တန်းသား သင်တန်းသူများ လက်ခံနိုင်မှုနှင့် လေ့ကျင့်သင်ကြားပို့ချပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို အားပေးမှာကြားပြီး သင်တန်းကျောင်းနှစ်ကျောင်းအတွက် ထောက်ပံ့ငွေများကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ထိုမှတစ်ဆင့် တီးတိန်မြို့ ပြည်သူ့ဆေးရုံသို့သွားရောက်ကြပြီး ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် လူနာများ တက်ရောက်ဆေးကုသမှုခံယူနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ခံဆရာဝန် ဒေါက်တာအေးအေးမူနှင့် ဆရာဝန် ဆရာမများအား တွေ့ဆုံနှုတ်ဆက်ပြီး ကျေးလက်ဒေသအထိ ကွင်းဆင်း၍ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန် မှာကြားကာ ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ကမ္ဘာ့နိုင်ငံအများအပြားက ချဒ်အစိုးရကို ကူညီရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ တိုက်တွန်းနှိုးဆော်

အင်ဂျာမီနာ ဖေဖော်ဝါရီ ၆

ချဒ်နိုင်ငံမြို့တော် အင်ဂျာမီနာ၌ အစိုးရနှင့် သူပုန်တို့ နှစ်ရက်ကြာတိုက်ပွဲ ဖြစ်ပွားပြီးနောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ချဒ်အစိုးရကိုကူညီကြရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တိုက်တွန်းနှိုးဆော်လိုက်သည်။

တိုက်ပွဲနားချိန်တွင် မြို့တော်နေ ထောင်ပေါင်းများစွာသော ပြည်သူတို့သည် မြို့တော်မှ ထွက်ပြေးတိမ်းရှောင်ကြသည်။ အများအပြားမှာ ကင်မရွန်းနိုင်ငံနှင့် နယ်ခြားထားသည့်မြစ်ကို ရေယာဉ်များဖြင့် ကူးဖြတ်၍သော်လည်းကောင်း၊ ငွေလီတံတားပေါ်မှဖြတ်သန်း၍သော်လည်းကောင်း ကင်မရွန်းနိုင်ငံအတွင်းသို့ ခိုလှုံကြသည်။

ထောင်ပေါင်း များစွာသော ပြည်သူတို့မှာ ကူဆာရီနယ်စပ်မြို့သို့ ဖြတ်ကျော် ထွက်ပြေးကြသည်ဟုလည်း ယူအင်န်အိတ်ချ်စီအာရ်သို့ ဒေသခံအရာရှိများက ပြောကြားသည်။

ဆိုက်ရောက်

ပြင်သစ်အစိုးရက စင်းလုံးငှားပေးသည့်လေယာဉ်တစ်စင်းသည် ချဒ်နိုင်ငံမှ နိုင်ငံခြားသား ၃၆၃ ဦးကို တင်ဆောင်ပြီး ဖေဖော်ဝါရီ ၄ ရက်က ပါရီမြို့သို့ ဆိုက်ရောက်လာသည်။

(အင်တာနက်)

ဗြိတိန်တပ်ဖွဲ့ဝင်ပေါင်း ၇၀၀၀ အာဖဂန်ရှေ့တန်းစစ်မျက်နှာတွင် အန္တရာယ်ရှိနေ

လန်ဒန် ဖေဖော်ဝါရီ ၆

ဗြိတိန်တပ်ဖွဲ့ဝင် ၇၀၀၀ခန့် တိုက်ပွဲဝင်ရန် မသင့်သည့်အတွက် အာဖဂန်နစ္စတန်ရှေ့တန်းစစ်မျက်နှာတွင် ဗြိတိန်တပ်များအဖို့ အန္တရာယ်ကြီးကြောင်း ဒေးလီးတယ်လီဂရပ် သတင်းစာက ဖေဖော်ဝါရီ၄ရက်တွင် ဖော်ပြသည်။

တပ်ထွက်ဦးရေ များပြားပြီး တပ်သားသစ်စုဆောင်းမရမှုကြောင့် အင်အား ၆၀၀ရှိ တပ်ဖွဲ့တွင် လူ ၁၀၀ခန့်လိုနေသည်။ ထိုအချိန်တွင် တပ်သား ၁၄ဦးလျှင် တစ်ဦးနာမကျန်းမှု၊ ဒဏ်ရာရမှုကြောင့် ပြဿနာမသေးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနစာရင်းများက ဖော်ပြနေသည်ဟု သတင်းစာက ရေးသားသည်။

အာဖဂန်နစ္စတန်သို့ လာမည့်နွေဦးရာသီတွင် တပ်မဟာတစ်ခု ဗြိတိန်က စေလွှတ်သည့်အခါ တပ်ရင်းလေးရင်းစာအတွက်အနည်းဆုံး တပ်ရင်းခြောက်ရင်းပို့မှ လုံလောက်မည်ဖြစ်သည်။

ဖော်ပြ

ဟယ်မန်ပြည်နယ်နှင့် အမှတ်(၂)ယောက်ရှိုင်းယားတပ်ရင်း တိုက်ခိုက်စဉ်က တပ်ဖွဲ့ဝင် ၅၀ နာမကျန်းဖြစ်ပြီး ခွင့်ရက်ရှည်ယူခဲ့ရကြောင်း စာရင်းများ၌ဖော်ပြသည်။

အီရတ်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်က တာဝန်ထမ်းဆောင်သည့် အမှတ်(၁)တပ်မဟာ တော်ဝင်အမြောက်တပ်မှ အမြောက်တပ်သား ၃၈၈ ဦးအနက် ၁၀ ရာခိုင်နှုန်းမှာ ဆက်လက်တာဝန်ထမ်းဆောင်ရန် မသင့်တော့ဟု ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် နှစ်သစ်ကူးပွဲတော်ဆင်နွှဲရန် ဖေဖော်ဝါရီ၆ရက်က နေရပ်သို့ ပြန်လာသည့် မိသားစုများ၏ မော်တော်ယာဉ်များမြင်ကွင်း။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

နိုင်ငံတကာမှုခင်းဖြစ်ရပ်

မည်သို့ပင် မုန်တိုင်းထန်သော်လည်း

ချစ်စိုးနိုင်ကိုးကားရေးဖွဲ့ သည်

ပါရီမြို့သည် ပြင်သစ်နိုင်ငံ၏ မြို့တော်ဖြစ်ပြီး မြောက်ကယ်လီဒိုးနီးယားပြည်နယ်တွင်တည်ရှိသည်။ လူဦးရေ သုံးသန်းနီးပါးနေထိုင်သော စည်ကားလှသည့် မြို့ကြီးတစ်မြို့ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကူးသန်းရောင်းဝယ်ရေး အချက်အချာကြသည့် မြို့ကြီးတစ်မြို့ဖြစ်သည်။

သင်ယူဘွဲ့ရ

ပါရီမြို့တွင် ဂျီရိုမီကာဗီရယ် **(ယာပုံ)**ဆိုသူ အသက် ၃၁ နှစ်အရွယ် လူလတ်ပိုင်းတစ်ဦး နေထိုင်သည်။ ကာဗီရယ်သည် ပါရီမြို့ဇာတိဖြစ်ပြီး သာမန်မိသားစုမှ မွေးဖွားလာသူဖြစ်သည်။မိဘများမှာလူချမ်းသာစာရင်းဝင်များမဟုတ်ကြသော်လည်း ချောင်ချောင်လည်လည် နေနိုင် စားနိုင်သူများ ဖြစ်ကြသည်။ ကာဗီရယ်သည် ငယ်စဉ်ကပင် ပညာထူးချွန်သူဖြစ်သလို စာရင်းအင်းများ ရေးသားသည့်ဘက်တွင် အထူးစိတ်ဝင်စားခဲ့သည်။ ထို့ကြောင့် အရွယ်ရောက်၍ တက္ကသိုလ်တက်ရချိန်တွင် စီးပွားရေး တက္ကသိုလ်သို့ တက်ရောက်ကာ စာရင်းအင်းပညာ အထူးပြု ဘာသာရပ်အဖြစ် သင်ယူဘွဲ့ရခဲ့သည်။

ထူထောင်

ငယ်စဉ်ကပင် အောင်မြင်သော စီးပွားရေး ပညာရှင်တစ်ဦးဖြစ်ရန် ကြိုးစားခဲ့သောကာဗီရယ်သည်စာရင်းအင်းပညာဖြင့် ဘွဲ့ရသောအခါဘဏ်တစ်ခုတွင်အောက်ခြေဝန်ထမ်းအဖြစ်မှ စတင်ဝင်ရောက် လုပ်ကိုင်ကာ ဘဏ်လုပ်ငန်းကို အောက်ခြေသိမ်း အသေးစိတ်ပြည့်စုံအောင် လေ့လာခဲ့သည်။နဂိုကပင်စာရင်းအင်းပညာနှင့်ဆိုင်သော ပညာရပ်များတွင် ဝါသနာ

ထုံပြီး ပါရမီပါခဲ့သော ကာဗီရယ်သည် ယင်းပညာနှင့် စပ်ဆိုင်သော ဘဏ်လုပ်ငန်းသည်သူနှင့်အံဝင်ခွင်ကျ ရှိနေတော့သည်။ သူ၏ ကြိုးစားမှုနှင့် ပါရမီဓာတ်ခံကြောင့်ပင်ဘဏ်လုပ်ငန်းတွင် အဆင့်ဆင့် ရာထူးတိုးကာ ငယ်ငယ်ရွယ်ရွယ်နှင့်ပင်ဘဏ်မန်နေဂျာဖြစ်ခဲ့သည်။ငယ်ရွယ်စဉ်ကပင်အောင်မြင်သော စီးပွားရေးပညာရှင်တစ်ဦးဖြစ်ရန် ရည်မှန်းထားသူ ကာဗီရယ်သည်ဘဏ်လုပ်ငန်းကိုခြေခြေမြစ်မြစ်လေ့လာပြီး နိုင်နိုင်နင်းနင်း လုပ်ကိုင်နိုင်သောအခါ သူ၏ မူလရည်မှန်းချက်အတိုင်း သူစုဆောင်းထားသော အရင်းအနှီးများဖြင့် သူ့ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းကို တိုးချဲ့ ထူထောင်လုပ်ကိုင်ခဲ့သလို တစ်ဖက်မှ မူလဘဏ်နေဂျာအဖြစ်ဆက်လက်လုပ်ကိုင်ခဲ့သည်။

ခံစားခဲ့ရ

ကာဗီရယ်သည် ဘဏ်လုပ်ငန်းနှင့် အကျိုးပေးသူဖြစ်သလို သူ၏စီးပွားရေးလုပ်ငန်းမှာလည်း အောင်မြင်လာသဖြင့် သူ၏စီးပွားရေးမှာ တစ်နေ့တစ်ခြား ဒီရေအလား တိုးပွားခဲ့လေသည်။သူ၏ စီးပွားရေးလုပ်ငန်းမှာ အခြားလုပ်ငန်းရှင်များထက်သာလာသောအခါ ပြိုင်ဘက်ဘဏ်များ၊ လုပ်ငန်းရှင်များ၏ အာရုံစိုက်မှုကိုခံခဲ့ရကာ လုပ်ငန်းရှင်အချင်းချင်း ခြေထိုးမှုကို ခံခဲ့ရတော့သည်။ ကာဗီရယ်အနေဖြင့် မည်သို့ပင် အနေအထိုင်မှန်ကန်ပြီး စေ့စပ်သေချာသူ ဖြစ်သော်လည်း သံသယ၏ အကျိုးဆက်က သူ့ကိုရိုက်ခတ်ခဲ့လေသည်။

ပြင်းပြင်းထန်ထန်ခံစား

လောကဓံမုန်တိုင်း၏ ရိုက်ခတ်မှုကို လူတိုင်း အနည်းနှင့်အများ ခံစားရတတ်စမြဲဖြစ်သဖြင့် လူသားထဲမှလူသားတစ်ဦးဖြစ်သော ကာဗီရယ်သည်လည်း လောကဓံမုန်တိုင်း၏ ရိုက်ခတ်မှုကို အကြီးအကျယ် ပြင်းပြင်းထန်ထန်ခံစားခဲ့ရလေသည်။

တရားစွဲဆို

ထိုသို့ ခြေထိုးခံရမှုကြောင့် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၄ရက်က ပြင်သစ်ဘဏ် တစ်ခုဖြစ်သည့် ဆိုစီယက်တီဂျီနီရေးလ်ဘဏ်က ကာဗီရယ်အား ပေါင် ၃ ဒသမ ၇ သန်းကို ခွင့်ပြုချက်မရဘဲ သုံးစွဲခဲ့ကြောင်း ကြေညာခဲ့သည်။ ထို့နောက်တွင် ကာဗီရယ်က ယုံကြည်မှုကို အလွဲသုံးစားလုပ်ခြင်း၊ စာချုပ်စာတမ်း လိမ်လည်အတုပြုလုပ်မှုနှင့် ခွင့်ပြုချက်မရဘဲ ကွန်ပျူတာအချက်အလက်များကို ယူငင်သုံးစွဲမှုတို့ဖြင့် တရားစွဲဆိုခဲ့သည်။

စတင်စစ်ဆေး

ကာဗီရယ်ကမူ မိမိအနေဖြင့် ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် မလုပ်ဆောင်ခဲ့ကြောင်း၊ ဘဏ်၏တိုးတက်ရာ တိုးတက်ကြောင်းကိုသာ ရှေးရှုလုပ်ဆောင်ခဲ့ကြောင်း ပြောဆိုကာ ယင်းစွပ်စွဲချက်များကို ငြင်းဆိုခဲ့သည်။ သူ၏အမှုကို ဖေဖော်ဝါရီ ၅ရက်တွင် စတင်စစ်ဆေးခဲ့သည်။

သက်သေပြ

မည်သို့ပင်ဖြစ်စေ ကာဗီရယ်အဖို့ သူ့ဘက်က မှန်ကန်မှုကို အရင်းတည်ကာ စွပ်စွဲမှုများကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲသည်ကို ကြည့်ခြင်းအားဖြင့် မည်သူမဆို မှန်ကန်သော အလုပ်ကို ဖြောင့်မတ်စွာ လုပ်ဆောင်ခဲ့သူသည် မည်သည့် ထိုးနှက်မှုမျိုးကိုမဆို မားမားမတ်မတ် နောက်မတွန့်တမ်း ရင်ဆိုင် ဖြေရှင်းဝံ့သည်ဟု ဤဖြစ်ရပ်က သက်သေပြနေကြောင်းမှုခင်းဖြစ်ရပ်အဖြစ် တင်ပြလိုက်ရပါသည်။

လောကဓံမုန်တိုင်း၏ ရိုက်ခတ်မှုကို လူတိုင်း အနည်းနှင့်အများ ခံစားရတတ်စမြဲ ဖြစ်သဖြင့် လူသားထဲမှ လူသားတစ်ဦးဖြစ်သော ကာဗီရယ် သည်လည်း လောကဓံမုန်တိုင်း၏ ရိုက်ခတ်မှုကို အကြီးအကျယ် ပြင်းပြင်းထန်ထန် ခံစားခဲ့ရ။

အက်စစ်မိုးတို့ ရွာခဲ့ပါလျှင်....

သတင်းအက်ဆေး

ကမ္ဘာမြေကို လေထုက ဖုံးလွှမ်းထားသည်။ လေထု၏ အောက်ခြေအလွှာ၌ ဓာတ်ငွေ့၊ မြူမှုန်နှင့် ဒြပ်မှုန်တို့ပျံ့လွင့်လျက်ရှိသည်။ ထိုဓာတ်ငွေ့၊ မြူမှုန်နှင့်ဒြပ်မှုန်အချို့ကို သာမန်မျက်စိဖြင့် မြင်တွေ့နိုင်သော်လည်း အချို့ကို မမြင်တွေ့နိုင်။

လေထုအတွင်း

လေထုအတွင်း မြူမှုန်နှင့်ဒြပ်မှုန်တို့ ရောက်ရှိလာမှု၏ အကြောင်းရင်းမှာ နှစ်မျိုးရှိသည်။ တစ်မျိုးမှာ သဘာဝအလျောက် မီးတောင်ပေါက်ကွဲမှု၊ တောမီးလောင်ကျွမ်းမှုတို့ကြောင့် ချော်မှုန်နှင့်ပြာမှုန်များ လေထုအတွင်း ရောက်ရှိလာခြင်းဖြစ်သည်။

နောက်တစ်မျိုးမှာ လူသားတို့ကြောင့်ဖြစ်သည်။ ကျောက်မီးသွေး၊ ရေနံနှင့် ထင်းမီးသွေးတို့ အသုံးပြုခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရန် သစ်တောမီးရှို့ခြင်း၊ စက်မှုကုန်ထုတ်စက်ရုံများ၊ မော်တော်ယာဉ်များတို့မှထွက်ရှိသော မီးခိုး၊ ကျပ်ခိုးနှင့် ဒြပ်မှုန်တို့ကြောင့် လေထုညစ်ညမ်းမှုဖြစ်စေပြီး အက်စစ်ဖြစ်ထွန်းလာစေခြင်းဖြစ်သည်။

ပေါင်းစည်းမိ

အက်စစ်ဖြစ်ထွန်းခြင်း၌ နှစ်မျိုးရှိသည်ကို တွေ့ရမည်ဖြစ်သည်။ တစ်မျိုးမှာ အစိုဖြစ်ထွန်းခြင်းနှင့် နောက်တစ်မျိုးမှာ အခြောက်ဖြစ်ထွန်းခြင်းဖြစ်သည်။ အစိုဖြစ်ထွန်းခြင်းမှာ ဆာလဖာဒိုင်အောက်ဆိုဒ်နှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်တို့အပြင် အခြားဒြပ်မှုန်များက လေထုအတွင်း လွင့်မျောနေသောတိမ်များနှင့် ပေါင်းစည်းမိသည်။ ထိုအခါ တိမ်အတွင်းရှိ ရေစက်ရေပေါက်များနှင့် ဟိုက်ဒရိုဂျင်အိုင်းယွန်းတို့ ဓာတ်ပြုပြီး ဆာလဖြူရစ်အက်စစ်နှင့် နိုက်ထရစ် အက်စစ်များအဖြစ် ဓာတ်ပြောင်းသွားသည်။ ထိုအက်စစ်များပါဝင်သော မိုး၊ ဆီးနှင်း၊ မြူတို့ ကမ္ဘာမြေပေါ်သို့ ကျဆင်းသည့်ဖြစ်စဉ်ကို အစိုဓာတ်ဖြစ်ထွန်းခြင်း(သို့မဟုတ်) အက်စစ်မိုးရွာသွန်းခြင်းဟု ခေါ်လေသည်။

မတွေ့နိုင်

အက်စစ်အခြောက်ဖြစ်ထွန်းမှု၌ အစိုဖြစ်ထွန်းခြင်းလို သာမန်မျက်စိဖြင့် မတွေ့နိုင်ချေ။ ရာသီဥတုသာယာသည့်အချိန်နှင့် တိမ်ထူသည့် နေ့များ၌ လေထုထဲတွင် ရောနှောပါဝင်နေသော အက်စစ်ဖြစ်နိုင်သော ဓာတ်ငွေ့များနှင့် လွင့်မျောနေသော မြူမှုန်နှင့်ဒြပ်မှုန်တို့က မြေပြင်၊ အဆောက်အအုံနှင့် သစ်ပင်၊ တောတောင်များပေါ်သို့ တိုက်ရိုက်ကျရောက်ခြင်းဖြစ်သည်။ ထို့အပြင် လူတို့၏ ကိုယ်ခန္ဓာအတွင်းသို့ အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်သွားသည့် ဖြစ်စဉ်ကို အက်စစ်အခြောက် ဖြစ်ထွန်းခြင်းဟု သတ်မှတ်ကြသည်။

အက်စစ်မိုးရွာသွန်းခြင်း၊ တစ်နည်းအားဖြင့် အက်ဆစ်အစိုဓာတ်ဖြစ်ထွန်းခြင်းသည် လူသားတို့ကို ထိခိုက်စေသလို အခြောက်ဖြစ်ထွန်းခြင်းသည်လည်း လူနှင့်တိရစ္ဆာန်တို့ကို ပျက်စီးထိခိုက်စေသည်။

ထိခိုက်ပျက်စီး

ထို့အတူ အက်စစ်အခြောက် ဖြစ်ထွန်းမှုသည်လည်း အက်စစ်မိုးရွာသွန်းခြင်းကဲ့သို့ပင် မြေဆီလွှာ၊ အင်းအိုင်၊ ရေပြင်နှင့်သစ်ပင်တောတောင်၊စိုက်ခင်းများပေါ်သို့ကျရောက်သဖြင့် ဓာတ်ပြုမှုများ ဖြစ်ပေါ်ပြီး အက်စစ်ဖြစ်ထွန်းကာ သစ်ပင်နှင့်တိရစ္ဆာန်များ၊ ရေနေ ကုန်းနေသတ္တဝါများနှင့် လူသားတို့အား ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်စေသည်။

ထိုသို့ ဆုံးရှုံးပျက်စီးမှုများမှာ အက်စစ်ဖြစ်ထွန်းမှုကို ဖြစ်ပေါ်စေသော ဓာတ်ငွေ့များ၊ မြူမှုန်နှင့် ဒြပ်မှုန်တို့၏ ပမာဏများလျှင် အက်စစ်ပါဝင်မှုများပြီး ဆုံးရှုံးပျက်စီးမှုလည်း ပိုမိုများပြားလေသည်။

ဖြစ်ပေါ်လာမည်

အက်စစ်ပါဝင်မှုများသည်နှင့်အမျှ ရေနေသတ္တဝါတို့ ပျက်စီးစေသည့်အပြင် ငါးသားဥသားဖောက်ခြင်းနှင့် ရှင်သန်ကြီးထွားနိုင်မှုတို့လည်းရှိမည်မဟုတ်ချေ။ ထို့အပြင် အက်စစ်မိုးရွာသွန်းခြင်းကြောင့် မြေဆီလွှာတိုက်စားမှုမှ ပါဝင်လာသည့် ဓာတ်ပစ္စည်းများကြောင့် ငါးများ၏ ပါးဟက်များပျက်စီးကာ အသက်ရှူရန်ခက်ခဲပြီး သေဆုံးမှုများဖြစ်ပေါ်လာမည်ဖြစ်သည်။

ထို့အတူ သစ်ပင်သစ်တောများ၌လည်း လေထဲတွင် မျောပါလာသည့် အက်စစ်ဖြစ်ထွန်းစေသည့် မြူမှုန်၊ ဒြပ်မှုန်များ ကျရောက်သဖြင့် သစ်တောများ တဖြည်းဖြည်း ခြောက်သွေ့ကာ သစ်တောပြုန်းတီးမှုများဖြစ်ပေါ်လာမည်ဖြစ်သည်။

တစ်ဖန် အက်စစ်ပါဝင်မှုများသော အက်စစ်မိုးများ ရွာသွန်းမှုကြောင့် မြေပြင်ရှိ မြေဆီလွှာနှင့် မြေသြဇာများကို အက်စစ်များက ဖျက်ဆီးပစ်သဖြင့် မြေဆီလွှာခန်းခြောက်မှုများ ဖြစ်ပေါ်ကာ စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ပြီး သီးနှံထွက်ရှိမှု လျော့ကျစေမည်ဖြစ်သည်။

ထို့အပြင် သက်ရှိလူသားများသည်လည်း အက်စစ်ဖြစ်ထွန်းမှု၏ ဆိုးကျိုးများကို ခံစားနေကြရသည်။ လေထုညစ်ညမ်းမှုကြောင့် လူတို့၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများဖြစ်သော ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ရောဂါနှင့် ခဲဆီပ်သင့်ရောဂါများ ခံစားနေရသည်ဖြစ်ရာ အက်စစ်ဓာတ်ထွက်ရှိမှုများ လျှော့ချသင့်ပေသည်။ သို့မဟုတ်ပါက အက်စစ်ဓာတ်များသော အက်စစ်မိုးများရွာခဲ့ပါလျှင်....။ ။

ကိုးကား-အင်တာနက်သတင်းများ

ကိုအာကာရေးသားသည်

အမေရိကန်စီးပွားရေး ကျဆင်းမှု

သတင်းအက်ဆေး
တိုး-ရေးသားသည်

အမေရိကန်နိုင်ငံတွင် စီးပွားရေး ကျဆင်းမှုကြောင့် ဝယ်သူနည်းပါးနေသော အိမ်များကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံတွင် ၂၀၀၃ခုနှစ် ဩဂုတ်လနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အလုပ်ခန့်ထားမှု ကျဆင်းခြင်းက အမေရိကန်စီးပွားရေးကျဆင်းမှုကို လောလောလတ်လတ်သက်သေပြနေခြင်းဖြစ်သည်။ ဇန်နဝါရီလအတွင်း အမေရိကန်အလုပ်ရှင်များက အလုပ်အကိုင် ၁၇၀၀၀ လျော့ပစ်ကြောင်း အမေရိကန်အလုပ်သမားဌာန စာရင်းဇယားများက ပြသနေသည်။ စီးပွားရေးပညာရှင်များကမူ အလုပ်အကိုင်၈၀၀၀၀အထိ လျော့လာနိုင်သည်ဟု တွက်ချက်ကြသည်။

အိမ်ရာဈေးကွက်၌ ဈေးနှုန်းထိုးကျမှုကြောင့် စားသုံးသူငွေကြေး သုံးစွဲမှုကျုံ့သွားစဉ် မကြာမီလများအတွင်းက အမေရိကန်စီးပွားရေးတိုးတက်မှုမှာ သိသိသာသာ နှေးကွေးသည်။ စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန် ကိုးရက်အတွင်းက အမေရိကန်အတိုးနှုန်းများကို နှစ်ကြိမ်တိုင် ဖြတ်တောက်ပစ်သည်။

ခက်ခဲသော ကာလတစ်ရပ်

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ကင်းဆပ်ပြည်နယ်၌ ဖေဖော်ဝါရီ ၁ရက်က မိန့်ခွန်းပြောကြားစဉ် အမေရိကန်စီးပွားရေးမှာ ခက်ခဲသောကာလတစ်ရပ်ကို ဖြတ်သန်းနေရပြီဖြစ်ကြောင်း ဝန်ခံလိုက်သည်။ ထို့ပြင် စီးပွားရေးအားပေးမှု အဆိုကိုထောက်ခံကြရန် ဝါရှင်တန်၌ သမ္မတဘုရှ်က အမတ်များအားတိုက်တွန်းလိုက်သည်။ ငွေကြေးဖောင်းပွမှုနိမ့်ကျပြီး ကုန်ထုတ်လုပ်မှုက မြင့်မားကြောင်း၊ သို့သော် စီးပွားရေးမှာ အင်အားချည့်နဲ့လျက်ရှိပြီး မိမိတို့ တစ်ခုခုကိုလုပ်ရမည့် အရေးကြီးလက္ခဏာများရှိနေသည်မှာ အမှန်ပင်ဖြစ်ကြောင်း သမ္မတဘုရှ်က ပြောကြားသည်။

အခွန်ပေးရန် တန်ဖိုးပေါ်ပြန်အမ်းငွေတွင် ဒေါ်လာဘီလီယံ ၁၅၀ ဆောင်းပေးမည့် စီးပွားရေးကျားကန်မှု အစီအစဉ်အပေါ် အမေရိကန်ကွန်ဂရက်နှင့် သမ္မတဘုရှ်အစိုးရတို့ သဘောတူညီပြီးဖြစ်သည်။ ထိုအစီအစဉ်ကို အောက်လွှတ်တော်က ထောက်ခံပြီးလည်းဖြစ်သည်။ အထက်လွှတ်တော်၏ အတည်ပြုချက်သာ စောင့်နေသည်။အလုပ်ဖြုတ်မှုများမှာ အစုအပြုံလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းအပါအဝင် အမေရိကန် စီးပွားရေးကဏ္ဍအားလုံးတွင် ကြုံတွေ့ရသည်။

အရေးပေါ်ဖြတ်တောက်

အမေရိကန်ဗဟိုဘဏ်က ပြီးခဲ့သည့်ရက်သတ္တပတ်၌ အတိုးနှုန်းများကို အစီအစဉ်မရှိ အရေးပေါ်ဖြတ်တောက်ပြီးနောက် ဇန်နဝါရီ ၃၀ ရက်ကလည်း အတိုးနှုန်းကို ၃ ဒသမ ၅ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းသို့ လျှော့ချလိုက်သည်။အမေရိကန်နိုင်ငံ၌ မမှန်မကန် ငွေချေးမှုတိုက်ဖျက်ရေး အစီအစဉ်အရ အိမ်ရာမြေဝယ်သည့်အခါထုတ်ချေးသည့်ငွေအပေါ်ထောက်ခံသည့်အတိုးနှုန်းစသည့် အပေါင်ကိစ္စများတွင် ပတ်သက်နေသော ကုမ္ပဏီ၁၄ခုကို အက်ဖ်ဘီအိုင်က စုံစမ်းနေသည်။

အမေရိကန် စီးပွားရေးဖွံ့ဖြိုးမှု နှစ်ပတ်လည်နှုန်းမှာ ၂၀၀၇ခုနှစ် ဇူလိုင်လနှင့် စက်တင်ဘာလအတွင်း တတိယသုံးပတ်တွင် ၄ဒသမ၉ ရာခိုင်နှုန်းရှိသည်။ ထိုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စတုတ္ထသုံးလပတ်တွင်မူ စီးပွားရေးဖွံ့ဖြိုးမှု နှစ်ပတ်လည်နှုန်းမှာ ၀ ဒသမ ၆ရာခိုင်နှုန်းသာရှိကြောင်း အမေရိကန်ကူးသန်းရောင်းဝယ်ရေးဌာနက ကြေညာသည်။ အိမ်ရာဈေးနှုန်းများထိုးကျစဉ် အိုးအိမ်လုပ်ငန်းမှာ ၂၅နှစ်အတွင်း အနိမ့်ဆုံးအဖြစ် ၁၆ဒသမ၉ရာခိုင်နှုန်းကျဆင်းသွားသည့်အတွက် အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှုလည်း ၀ ဒသမ ၆ရာခိုင်နှုန်းအထိ ကျဆင်းသွားရခြင်း ဖြစ်သည်။

ကြိုတင်ခန့်မှန်းချက်

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ယခုနှစ်ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု ကြိုတင်ခန့်မှန်းချက်ကို လျှော့ချလိုက်သည်။ အဓိကဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးများမှာ ယခုနှစ်ဆက်၍တိုးတက်မည်။ သို့သော် လွန်စွာအင်အားနည်းသည်ဟု ခန့်မှန်းသည်။ ကမ္ဘာ့စီးပွားရေးတိုးတက်မှုမှာ ပြီးခဲ့သည့်နှစ်က ၅ ရာခိုင်နှုန်းရှိပြီး ယခုနှစ်တွင်၄ဒသမ၁ရာခိုင်နှုန်းသာရှိမည်ဟု ခန့်မှန်းသည်။

ယခုနှစ် စတုတ္ထသုံးလပတ်တွင် အမေရိကန်စီးပွားရေး၏ နှစ်ပတ်လည်ဖွံ့ဖြိုးမှုနှုန်းမှာ ၁ ရာခိုင်နှုန်းအောက် ဖြစ်မည်ဟု အိုင်အမ်အက်ဖ်က ခန့်မှန်းသည်။ အမေရိကန်စီးပွားရေး ကျဆင်းမှုမှာ အချိန်ကြာမြင့်နိုင်သည်ဟု ကမ္ဘာ့စီးပွားရေးဖိုရမ်မှ စီးပွားရေးပညာရှင်တစ်စုက သတိပေးထားသည်။ ။

ကိုးကား-အင်တာနက်

ဘဝဒဿနအမြင်

❖ *The only time people dislike gossip is when you gossip about them.*

လူအများ အတင်းအဖျင်းကို မနှစ်သက်သောအချိန်မှာ သူတို့ကိုယ်တိုင် အတင်းအပြောခံရချိန်ပင်ဖြစ်သည်။

ဝီလ်ရောဂျားစ်(ဟာသဆရာ)

❖ *I wasted time, and now doth time waste me.*

ကျွန်ုပ်အချိန်ဖြုန်းခဲ့၍ ယခု ကျွန်ုပ်ကို အချိန်ကပြန်ဖြုန်းနေလေပြီ။

ဝီလျံရှိတ်စပီးယား (ပြဇာတ်ရေးဆရာနှင့် ကဗျာဆရာ)

ဘဝ အမောပြေ

ကြီးပွားချမ်းသာစေသော စာအုပ်များကိုရေးသားပြီး ထင်ပေါ်ကျော်ကြားနေသော စာရေးဆရာကြီးတစ်ဦးထံသို့ သတင်းထောက်တစ်ဦးက တွေ့ဆုံမေးမြန်းရန် ရောက်ရှိသွားခဲ့သည်။ စာရေးဆရာကြီးရေးသော စာပေများကိုဖတ်ပြီး ကြီးပွားချမ်းသာသွားသူ အများအပြားရှိနေသော်လည်း စာရေးဆရာကြီးနေအိမ်မှာ လွန်စွာနွမ်းပါးနေသည်ကို တွေ့ရသဖြင့် သတင်းထောက်မှာ အံ့ဩလျက်ရှိသည်။

သတင်းထောက် - စာအုပ်တွေရေးတာ ဘယ်နှအုပ်လောက်ရှိပြီလဲ ဆရာကြီး။
စာရေးဆရာကြီး - အများကြီးပါပဲ။
သတင်းထောက် - စာအုပ်အားလုံး ကြီးပွားချမ်းသာစေတဲ့ စာအုပ်တွေချည်းပဲလား။
စာရေးဆရာကြီး - ဟုတ်ပါတယ်။
သတင်းထောက် - ဆရာကြီးစာအုပ်တွေဖတ်ပြီး ကြိုးစားကြလို့ လူတွေတော်တော်များများ ချမ်းသာသွားကြတယ်နော်။
စာရေးဆရာကြီး - ကောင်းတာပေါ့။
သတင်းထောက် - ဆရာကြီးကိုမြင်ရတာ စိတ်မကောင်းဘူးဗျာ။
စာရေးဆရာကြီး - ဒါဆို .... ပိုက်ဆံ နည်းနည်းလောက် ချေးခဲ့စမ်းပါကွာ။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **အင်ဒိုနီးရှားနိုင်ငံ ဒီလ်ဖီမြို့တွင် ဖေဖော်ဝါရီ ၅ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံတက်မှုကြောင့် နေအိမ်များနှင့် မော်တော်ကားလမ်း ရေနစ်မြုပ်ခဲ့သည်။** (အပေါ်ပုံ)
- ကင်မရွန်းနိုင်ငံ ချာရီမြစ်၌ ဖေဖော်ဝါရီ ၆ ရက်က ခရီးသည်တင်စက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ ၁၀ဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိသည်။
- **ဂျာမနီနိုင်ငံ မြူးနစ်မြို့အရှေ့ပိုင်းဒေသများ၌ ဖေဖော်ဝါရီ ၅ရက်က အအေးဓာတ်လွန်ကဲပြီး အပူချိန်ရေခဲမှတ်အထိ ကျဆင်းခဲ့သဖြင့် သုံးဦးသေဆုံးခဲ့သည်။**
- ဆူဒန်နိုင်ငံ အရှေ့တောင်ပိုင်း အူကတ်ကျေးရွာအနီး ဖေဖော်ဝါရီ ၅ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူး အပါအဝင် သုံးဦးသေဆုံးခဲ့သည်။
- **အင်ဒိုနီးရှားနိုင်ငံ ယော့ယာကာတာမြို့အနီး၌ ဖေဖော်ဝါရီ ၅ရက်က အင်ဒိုနီးရှားလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း မြေပြင်သို့ အရေးပေါ်ဆင်းသက်ခဲ့ရာ မြေပြင်၌ လူအများအပြားကို တိုက်မိခဲ့သဖြင့် ၂၁ ဦး သေဆုံးခဲ့သည်။**
- မက္ကဆီကိုပင်လယ်ကွေ့၌ ဖေဖော်ဝါရီ ၅ ရက်က မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ကုန်တင်သင်္ဘောတစ်စင်းတိမ်းမှောက်ခဲ့ရာ သင်္ဘောသားများအားလုံးကို ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်နိုင်ခဲ့သည်။
- **ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ဖေဖော်ဝါရီ ၅ရက်က မော်တော်ယာဉ် ၁၂စီးဆက်တိုက် တိုက်မှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး မော်တော်ယာဉ် အများအပြား ပျက်စီးခဲ့သည်။**
- စပိန်နိုင်ငံမြောက်ပိုင်း ဘူရာရို့စ်မြို့တွင် ဖေဖော်ဝါရီ ၅ရက်က သုံးထပ်လူနေအဆောက်အအုံတစ်ခု မီးလောင်ခဲ့ရာ လေးဦးသေဆုံးခဲ့သည်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၆-၂-၂၀၀၈

ကမ္ဘောဒီးယား၌ ရေအားလျှပ်စစ်စီမံကိန်း တရုတ်တည်ဆောက်မည်

တရုတ်နိုင်ငံက ကမ္ဘောဒီးယားနိုင်ငံတွင် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းကို ကမ္ဘောဒီးယားနိုင်ငံအနောက်တောင်ပိုင်း ခိုခွန်ပြည်နယ်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄၇သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကာ သုံးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၉ဒေါ်လာအထိ ကျဆင်းလျက်ရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့ အိုပက်ကပြောကြားသည်။

ရေနံဈေးနှုန်းမှာ ရက်အနည်းငယ်အထိ ကျဆင်းနေမည်ဖြစ်ပြီး နယူးယောက်၌ ရေနံတစ်စည်လျှင် ဒေါ်လာ ၈၇ဒသမ၅၀အထိ ကျဆင်းလျက်ရှိသည်။

ယူကရိန်းအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်အဖြစ်လက်ခံ

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညီလာခံ၌ တက်ရောက်လာသော ကိုယ်စားလှယ်များက ယူကရိန်းနိုင်ငံအား အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံရန် သဘောတူလိုက်ကြသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အတွင်းရေးမှူးချုပ် ပါစကယ်လာမီကလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ယူကရိန်းနိုင်ငံအား အဖွဲ့ဝင်အဖြစ် လက်ခံရေးကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ဘူလ်ဂေးရီးယားနှင့် ဟန်ဂေရီတို့ ဓာတ်ငွေ့ပိုက်လိုင်းကိစ္စ သဘောတူညီ

ဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဘူလ်ဂေးရီးယားနှင့် ဟန်ဂေရီနှစ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီလိုက်ကြသည်။

ရုရှားနိုင်ငံမှ ဘူလ်ဂေးရီးယားနိုင်ငံသို့ပေးပို့မည့် ဓာတ်ငွေ့ပိုက်လိုင်းသည် ပင်လယ်နက်ကြမ်းပြင်အောက်မှတစ်ဆင့် ဟန်ဂေရီနိုင်ငံကိုဖြတ်ကာ ဘူလ်ဂေးရီးယားနိုင်ငံသို့ သွယ်တန်းရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

စင်ကာပူစီးပွားရေးတိုးတက်ရန် ပိုမိုကြိုးစားရေး လီရှန်လွန်း တိုက်တွန်း

စင်ကာပူစီးပွားရေးတိုးတက်ရန် ကြိုးစားဆောင်ရွက်ကြရေး တရုတ်နှစ်သစ်ကူးပွဲတော် အဖွင့်မိန့်ခွန်း၌ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက တိုက်တွန်းလိုက်သည်။

ကမ္ဘာ့စီးပွားရေးသည် တိုးတက်မှုနှင့် ဆုတ်ယုတ်မှုများ မည်သို့ပင်ရှိစေကာမူ မိမိတို့စွမ်းအားဖြင့် ကြိုးစားကြရမည်ဖြစ်ကြောင်း လီရှန်လွန်းက ပြောကြားသည်။

အစ္စရေးတိုက်လေယာဉ် ၂၄စင်း ကမ္ဘောဒီးယားဝယ်ယူမည်

အစ္စရေးနိုင်ငံမှ တိုက်လေယာဉ် ၂၄စင်းကို ကမ္ဘောဒီးယားနိုင်ငံက ဝယ်ယူမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီး ဂျန်မင်နူရယ်ဆန်တို့စ်က ပြောကြားသည်။

မိမိအနေဖြင့် အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်လာစေရန်အတွက် အစ္စရေးတို့က တိုက်လေယာဉ်များ ရောင်းချခြင်းဖြစ်ကြောင်း ဂျန်မင်နူရယ်ဆန်တို့စ်က ပြောကြားသည်။

မလေးရှား၌ နိုင်ငံတကာခရီးသွားလုပ်ငန်းပြပွဲ ကျင်းပမည်

မလေးရှားနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတကာခရီးသွားလုပ်ငန်းကုန်သွယ်ရေးပြပွဲတစ်ခုကို လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း မလေးရှားအရာရှိများက ပြောကြားသည်။

အဆိုပါပြပွဲကို လာမည့်မေလ၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာခရီးသွားလုပ်ငန်း ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ရေးကို အထောက်အကူပြုစေရန်ဖြစ်ကြောင်း မလေးရှားခရီးသွားလုပ်ငန်းဝန်ကြီး တန်ကူအဒန်မင်ဆောက ပြောကြားသည်။

ပင်လယ်နီ၌ ကုန်တင်သင်္ဘောတစ်စင်း ပျောက်ဆုံး

အီဂျစ်နိုင်ငံ စူးအက်ဆိပ်ကမ်းမှ ကမ်းလွန်ပင်လယ်နီတွင် အီဂျစ်ကုန်တင်သင်္ဘောတစ်စင်း ပျောက်ဆုံးသွားကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

အဆိုပါသင်္ဘောတွင် အီဂျစ်သင်္ဘောသားကိုးဦး၊ ဆူဒန်မှလေးဦး၊ ယီမင်မှ တစ်ဦးစသည့် သင်္ဘောသားများပါရှိသွားကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။ အီဂျစ်ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရှာဖွေမှုများပြုလုပ်လျက်ရှိသည်။

ကင်ညာ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု ၁၀၀၀ကျော်သေဆုံးခဲ့

နိုင်ရိုဘီ ဖေဖော်ဝါရီ ၆

ကင်ညာနိုင်ငံရေးရန်သူများဖြစ်သည့် သမ္မတကီဘာကီနှင့် အတိုက်အခံခေါင်းဆောင် အိုဒင်ဂါတို့သည် ရွေးကောက်ပွဲရလဒ်အပေါ် အငြင်းပွားမှုကြောင့် အပြစ်မဲ့ပြည်သူများစွာ သေကျေခဲ့ရသည်။

စွန့်ခွာထွက်ပြေး

ရွေးကောက်ပွဲရလဒ်အပေါ် အငြင်းပွား၍ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သဖြင့် ငါးပတ်ကြာကာလအတွင်း ပြည်သူ ၁၀၀၀ကျော် သေဆုံးခဲ့ရပြီး လူပေါင်း ၃၀၀၀၀၀မှာ နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း ဒေသဆိုင်ရာကြက်ခြေနီအဖွဲ့က ပြောကြားသည်။

ရင်ဆိုင်နေကြရ

အကြမ်းဖက်မှုများ ဖြစ်ပွားရာ လူနေအိမ်များ ရာချီမီးရှို့ခံရသဖြင့် ပြည်သူများခိုကိုးရာမဲ့ဖြစ်နေကြသည်။ ထို့အပြင် နေ့စဉ်ဘဝရှင်သန်ရပ်တည်မှုအတွက်အခက်အခဲများစွာဖြင့် ရင်ဆိုင်နေကြရသည်။

ဒုက္ခရောက်

အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့စဉ်အတွင်း ကလေးအချို့မှာ မိဘများ အသတ်ခံရခြင်း၊ ပျောက်ဆုံးခြင်းတို့ကြောင့် မိမဲ့ဖမဲ့ဖြစ်ကာ အတိဒုက္ခရောက်ခဲ့ကြရသည်။

(အင်တာနက်)

ဟားမက်စ်အဖွဲ့ဝင်နှစ်ဦး အစ္စရေးတို့လက်ချက်ဖြင့်သေဆုံး

ဂါဇာ ဖေဖော်ဝါရီ ၆

ဂါဇာကမ်းမြောင် ဒေသတွင် ဟားမက်စ်အဖွဲ့ဝင်နှစ်ဦးအား ပစ်သတ်လိုက်ကြောင်း အစ္စရေးစစ်တပ်က ဖေဖော်ဝါရီ ၅ရက်တွင် ပြောကြားသည်။

အစ္စရေးစစ်သားများက ပါလက်စတိုင်းအမျိုးသားများအား ရာဖတ်မြို့အနီး ထိပ်တိုက်ရင်ဆိုင် ပစ်ခတ်ခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

တိုက်ခိုက်

အစ္စရေးတို့က ယင်းကဲ့သို့ တိုက်ခိုက်ခဲ့ခြင်းမှာ ဒီမိုနာမြို့၌ အစ္စရေးအမျိုးသမီးတစ်ဦး အသေခံဗုံးခွဲတိုက်ခိုက်ရာတွင် သေဆုံးခဲ့ပြီးနောက် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

လုံခြုံရေးတင်းကျပ်

ယင်းတိုက်ခိုက်မှုပြီးနောက်အစ္စရေးရဲတပ်ဖွဲ့က လုံခြုံရေးတင်းကျပ်လျက်ရှိရာ အထူးသဖြင့် အီဂျစ်နယ်စပ်၌ ဖြစ်သည်။

အစ္စရေးတပ်များသည် ပါလက်စတိုင်းစစ်သွေးကြွများအား မကြာခဏ ဝင်ရောက် တိုက်ခိုက်လေ့ရှိသည်။ ထိုစဉ်အတွင်း ပါလက်စတိုင်းစစ်သွေးကြွများ ဖေဖော်ဝါရီ ၅ရက်က အစ္စရေးဘက်သို့ ဒုံးကျည်ရှစ်လုံး ပစ်ခတ်ခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

ပါကစ္စတန်ရဲတပ်ဖွဲ့နှင့်ဆန္ဒပြသူများ အဓိကရုဏ်းဖြစ်ပွား

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၆

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့၌ ဖေဖော်ဝါရီ ၅ရက်က တရားသူကြီးချုပ်ဟောင်း မူဟာမက်ချောင်ဒရီ၏ နေအိမ်သို့ သွားရာလမ်းအတွင်း ရာပေါင်းများစွာသော ဆန္ဒပြသူများနှင့်ရဲတပ်ဖွဲ့တို့ အဓိကရုဏ်းဖြစ်ပွားခဲ့သည်။

ဂျမေးလ်အစ္စလမ္မစ်ပါတီ ထောက်ခံသူများက အဆိုပါ တရားသူကြီးချုပ်ဟောင်း နေထိုင်ရာအိမ်သို့ ချီတက်ဆန္ဒပြစဉ် ရဲတပ်ဖွဲ့က ဟန့်တားသည်။ (အပေါ်ပုံ)

ဆန္ဒပြသူများအား ရဲတပ်ဖွဲ့က ဟန့်တားရာမှ အဓိကရုဏ်းမှာ ကြီးထွားလာပြီး ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးသုံး၍ လူစုခွဲခဲ့ရသည်ဟုဆိုသည်။ မစ္စတာချောင်ဒရီသည် ပြီးခဲ့သည့် နိုဝင်ဘာလက တရားသူကြီးချုပ်အဖြစ်မှ နုတ်ထွက်ခဲ့သူဖြစ်သည်။

(အင်တာနက်)

တရုတ်၌ အဆိုးရွားဆုံး နှင်းမုန်တိုင်းကြောင့် ဓာတ်အားလိုင်းများ ပြတ်တောက်လျက်ရှိ

ပေကျင်း ဖေဖော်ဝါရီ ၆

တရုတ်နိုင်ငံ၌ အနှစ်၅၀အတွင်း အဆိုးရွားဆုံးနှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဒေသ၃၉ခုရှိ ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရကြောင်း (ယာပုံ) **ဖေဖော်ဝါရီ ၅ရက် သတင်း၌ ဖော်ပြသည်။**

ဖော်ပြ

သို့သော်လည်း အိမ်ထောင်စုဝင် ၁၇သန်းကျော်တို့သည် ဓာတ်အား ပြန်လည်ရရှိနေပြီဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

သေဆုံး

ဓာတ်တိုင်များပျက်စီးခဲ့၍ လျှပ်စစ်ကျွမ်းကျင်ပညာရှင်များက ပြုပြင်ရာတွင် မတော်တဆမှုကြောင့် ကျွမ်းကျင်လုပ်သား၁၁ဦး သေဆုံးခဲ့ရသည်။

ကြိုးစား

နှင်းမုန်တိုင်းနှင့် ရေခဲများကြောင့် ပြည်သူ ဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။ သောင်တင်နေသောခရီးသွား သန်းပေါင်းများစွာ တို့သည်လည်း ယခုသီတင်းပတ် ကုန်ပိုင်းတွင် နှစ်ကူးပွဲတော်အမီ အိမ်ပြန်ရောက်ရန် ကြိုးစားနေကြသည်။

ဟူနန်ပြည်နယ် အလယ်ပိုင်း ကျန်ကျို့၌ လူပေါင်း လေးသန်းခန့် ဓာတ်အားမရသည်မှာ ဖေဖော်ဝါရီ ၅ရက်အထိ ၁၁ရက်မြောက် ရှိသွားပြီဟု ဆိုသည်။

ကြုံတွေ့

ဓာတ်အား အခက်အခဲကြောင့် ဒေသနေပြည်သူများ ရေနှင့်အစား အစာအတွက် အခက်အခဲကြုံတွေ့နေရသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဇင်ဘာဘွေ ဘဏ္ဍာရေးဝန်ကြီးဟောင်း သမ္မတ ရွေးကောက်ပွဲ ယှဉ်ပြိုင်မည်

ဟာရာရေး ဖေဖော်ဝါရီ ၆

ဇင်ဘာဘွေနိုင်ငံ၏ အာဏာရ ပါတီထိပ်တန်း အဖွဲ့ဝင် တစ်ဦးဖြစ်သည့် မစ္စတာ စင်ဘာမာကိုနီက မတ် ၂၉ရက်တွင် ပြုလုပ်မည့် သမ္မတ ရွေးကောက်ပွဲ၌ ပါဝင် ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

ပါဝင်

မိမိသည် ဇင်ဘာဘွေနိုင်ငံ၏ လာမည့် သမ္မတရာထူးအတွက် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဟောင်း မာကိုနီက သတင်းထောက်များအား ပြောကြားသည်။

ယှဉ်ပြိုင်

လာမည့် ဇင်ဘာဘွေ သမ္မတ ရွေးပွဲ အတွက် ပါဝင်ယှဉ်ပြိုင်မည့်သူ လေးဦး ရှိသည်။ ယင်းတို့မှာ ဇာနုအာ အက်ဖ် ပါတီမှ လက်ရှိ သမ္မတ ရောဘတ် မူဂါဘီ၊ အမ်ဒီစီပါတီမှ မစ္စတာ မိုဂမ်နှင့် အာသာမူတန်ဘာရာတို့ ဖြစ်သည်။

ပြောကြား

မစ္စတာမာကိုနီသည် လက်ရှိ သမ္မတရောဘတ်မူဂါဘီအား ယှဉ်ပြိုင်နိုင်မှုအကောင်းဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်း အခြားပါတီ တာဝန်ရှိသူများက ပြောကြားသည်။

သဘောထားကွဲလွဲ

၎င်းသည် ၂၀၀၂ခုနှစ်က သမ္မတမူဂါဘီနှင့် သဘောထား ကွဲလွဲမှုများကြောင့် ဘဏ္ဍာရေးဝန်ကြီး အဖြစ်မှ နုတ်ထွက်ခဲ့သူ ဖြစ်သည်။

(အင်တာနက်)



ဂျပန်နိုင်ငံ ရှီဇိုကာစီရင်စုကို ဖြတ်သန်းမောင်းနှင်နေသော တစ်နာရီ ကီလိုမီတာ ၃၀၀ ခန့် မောင်းနှင်နိုင်သည့် ကျည်ဆန်ရထားတစ်စင်းကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား၏ ကားထုတ်လုပ်ရောင်းချမှု ယခုနှစ်၌ စီးရေ ငါးသိန်း ပြည့်မီရန် မျှော်မှန်း

ဂျကာတာ ဖေဖော်ဝါရီ ၆

အင်ဒိုနီးရှားနိုင်ငံက ယခုနှစ်တွင် ကားစီးရေ ငါးသိန်းအထိ ရောင်းချရန် မျှော်မှန်းထားကြောင်း၊ ယင်းအရေအတွက်သည် ယမန်နှစ်ကထက် စီးရေ ၆၆၀၀၀ ပိုလာမည်ဖြစ်ကြောင်း နိုင်ငံ၏ အကြီးဆုံးကားထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် တိုယိုတာ–အက်စ်ထရာ မော်တော်ကားကုမ္ပဏီမှ ညွှန်ကြားရေးမှူး ဂျွန်နီဒါမာဝမ်က ဂျကာတာမြို့၌ ဖေဖော်ဝါရီ ၄ရက်တွင် ပြောကြားသည်။

တိုးတက်ကောင်းမွန်

ထိုသို့ ကားစီးရေ တိုးမြှင့်ရောင်းချရခြင်းမှာ ငွေကြေးလဲလှယ်မှုနှုန်း တည်ငြိမ်ခြင်း၊ သန်း ၂၄၀ သော အင်ဒိုနီးရှားပြည်သူများ စီးပွားရေးတိုးတက်ကောင်းမွန်လာခြင်းကြောင့် ဖြစ်ကြောင်း ၎င်းညွှန်ကြားရေးမှူးက ပြောကြားသည်။

ရောင်းချနိုင်

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် စီးပွားရေး တိုးတက်လာသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် လူဦးရေ သန်း၆၀ရှိရာတွင် တစ်နှစ်လျှင်ကားစီးရေ ၇၀၀၀၀၀မှ ၈၀၀၀၀၀အထိ ထုတ်လုပ်ရောင်းချနေကြောင်း၊ ထိုစဉ်အတွင်း အင်ဒိုနီးရှားနိုင်ငံသည် လူဦးရေသန်း၂၄၀ ရှိရာ၌ တစ်နှစ်လျှင် ကားစီးရေ ၄၃၄၀၀၀အထိ ရောင်းချနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

မျှော်မှန်းထား

သို့သော်လည်း စက်သုံးဆီဈေးနှုန်း မြင့်တက်မှုနှင့် အမေရိကန်စီးပွားရေး ကျဆင်းမှုကြောင့် မျှော်မှန်းသည့် ကားအရေအတွက်ကို ရောင်းချနိုင်ရန် အဟန့်အတားဖြစ်စေလိမ့်မည်ဟု ၎င်းက ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကယားပြည်နယ်

တိုင်းရင်းသားညီအစ်ကိုများ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် ကယားပြည်နယ် လွိုင်ကော်မြို့တွင် တည်ဆောက်ပေးထားသည့် မိုက်ကရိုဝေ့ဖ် ဆက်သွယ်ရေးစခန်းကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	[illegible]	ဧက	[illegible]	[illegible]	[illegible]
၂	[illegible]	ခု	၂၈	၅၀	၂၂
၃	[illegible]	ခု	မရှိ	၃	၃
၄	[illegible]	[illegible]	၄	[illegible]	[illegible]
၅	[illegible]	[illegible]	မရှိ	၂၈၀၀	၂၈၀၀
၆	[illegible]	[illegible]	မရှိ	၁	၁
၇	[illegible]	မိုင်	မရှိ	၁၀၀	၁၀၀
၈	[illegible]	မိုင်	[illegible]	[illegible]	[illegible]
၉	[illegible]	စင်း	၆	၉	၃
၁၀	[illegible]	ခု	၁၁	၁၃	၂
၁၁	[illegible]	ရုံ	၁၀	၁၁	၁
၁၂	[illegible]	ရုံ	၃	၁၅	၁၂
၁၃	[illegible]	ခု	မရှိ	၁	၁
၁၄	[illegible]	[illegible]	၁	၂	၁
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	မရှိ	၃	၃
၁၇	[illegible]	[illegible]	၁၅	၁၆	၁

(၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

ခံ့ညားထည်ဝါ

ကယားပြည်နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာ သင်ယူနိုင်ရန်အတွက် လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်ပင်မဆောင်ကို ဤသို့ ခံ့ညားထည်ဝါစွာတည်ဆောက် ဖွင့်လှစ်ပေးထားသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ကယားပြည်နယ် ဒီမောဆိုမြို့နယ် လွိုင်နန်းဖကျေးရွာတွင် ဒေသဝန်းကျင်လယ်ယာမြေများကို ရေပေးဝေလျက်ရှိသည့် လွိုင်နန်းဖ ရေလှောင်တမံ။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

သမိုင်းစဉ်ဆက် ကြံ့ခိုင်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုခွန်အားဖြင့် မြန်မာတို့၏ ပြည်ထောင်စုကြီး ထာဝရတည်တံ့ ငြိမ်းချမ်းဖွံ့ဖြိုးစေမည်



အသီးတစ်ရာ အညှာတစ်ခု နို့ပြည်ထောင်စု

"ပြည်ထောင်စုနေ့" ဟူသည် မြန်မာတိုင်းရင်းသားတို့၏ ညီညွတ်မှု၊ စည်းလုံးမှု၊ သမိုင်း၏ဂုဏ်ဒြပ် ဖြစ်လေသည်။ ဤပြည်ထောင်စု တည်းဟူသော ဤတစ်မြေတည်းပေါ် အတူဖွားကြသည့် သွေးချင်း သားချင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဇာတိပုည ဂုဏ်မာန၏ သင်္ကေတလည်း ဖြစ်ပေသည်။

"မြန်မာ"ဟူသည် အချုပ်အခြာအာဏာပိုင် ဤမြေပေါ်၌ သမိုင်း တစ်လျှောက် မရှိအတူ ရှိအတူ၊ အေးတူပူမျှ အတူတကွ ဥမကွဲသိုက်မပျက် အစဉ်အဆက် ယှဉ်တွဲနေထိုင်ခဲ့သော မိသားစု၊ ဆွေမျိုးစု (Clan)၊ လူမျိုးနွယ်စု (Tribe)၊ လူမျိုးစု (ဝါ) တိုင်းရင်းသားလူမျိုး (Minority or Nationality)တို့၏ အစုအပေါင်း အမည်နာမ(ဒဗ္ဗနာမ်)ဖြစ်လေသည်။ **မြန်မာတို့သည် ကိုယ့်နိုင်ငံ နယ်နိမိတ်အတွင်း၌ အေးချမ်းစွာ နေထိုင်ခဲ့ကြသည်။ မည်သူ့ကိုမျှ ရန်မလို၊ မည်သည့်နိုင်ငံနယ်မြေကိုမျှ မထိပါး မကျူးကျော်၊ မိမိ၏မြေကို ကျူးကျော်လာသူများကိုမူ တစ်လက်မမျှ အကျူးမခံ တွန်းလှန်ခဲ့သည်။ ဗြိတိသျှနယ်ချဲ့သမားတို့၏ အကြောင်းမဲ့ အသားလွတ် မြန်မာနိုင်ငံကို ပထမအကြိမ် ကျူးကျော်စဉ် (၁၈၂၄)၊ ဒုတိယအကြိမ် ကျူးကျော်စဉ်(၁၈၅၂)၊ တတိယအကြိမ် ကျူးကျော်စဉ် (၁၈၈၅) ကာလများတွင် မြန်မာတိုင်းရင်းသားတို့၏ သမိုင်းပြောင်သော ဇာတိသွေး၊ ဇာတိမာန်၊ သူ့ကျွန်မခံ အမျိုးစောင့်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ချစ်စိတ်ဓာတ်တို့နှင့်အတူ စည်းလုံးညီညွတ်မှုကို ပြသခဲ့သည်။**

ကျူးကျော်နယ်ချဲ့သမားများကို ခုခံတွန်းလှန်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအပါအဝင် တိုင်းရင်းသား လူမျိုးများ၏ ရင်တွင်းဖြစ်မျိုးချစ်စိတ်နှင့် စည်းလုံးမှုကို လည်းကောင်း၊ အမျိုးကိုထိလျှင် မချိအောင်နာတတ်သည့် ဝံသာနုရက္ခိတ စိတ်ဓာတ် ခိုင်မာမှုကိုလည်းကောင်း၊ တိုင်းရင်းသားပေါင်းစုံ၏ စည်းလုံးညီညွတ်မှု ခွန်အားနှင့် စွမ်းပကားကိုလည်းကောင်း ဗြိတိသျှနယ်ချဲ့သမားတို့ကောင်းစွာ နားလည်သွားခဲ့သည်။ ၁၈၈၅ ခုနှစ်မှ ၁၉၀၀ ပြည့်လွန်နှစ်များအထိ ခုခံတွန်းလှန်တိုက်ခိုက်နေသော မြန်မာတိုင်းရင်းသားပေါင်းစုံ မျိုးချစ် ပြောက်ကျားတပ်များကို နှိမ်နင်းနိုင်ရန် အိန္ဒိယမှ တပ်ကူများ သောင်းချီ ခေါ်ယူ အသုံးပြုခဲ့ရသည်။ တောင်ပေါ်ဒေသများတွင် မြေလှန်စနစ်ဖြင့် တိုင်းရင်းသား အရပ်သူ၊ အရပ်သားများကို ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခဲ့ကြသည်။

မြန်မာတို့သည် လက်နက်ကိုင် ခုခံတွန်းလှန်သော တိုက်ပွဲများ မလုပ်သောအခါ ဗြိတိသျှတို့သိမ်းပိုက် ကုပ်သွေးစုပ်နေသော ဤမြန်မာ့မြေ၊ မြန်မာပြည်သူနှင့် မြန်မာ့အချုပ်အခြာအာဏာကို ပြန်လည်တိုက်ယူသော အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုကြီးကို ၁၉၀၀ ပြည့်လွန်နှစ်များမှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့(လွတ်လပ်သည်)အထိ အမျိုးသားနိုင်ငံရေးကို တူညီစွာ ခံယူကြိုးပမ်းခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေး တွင်လည်း တိုင်းရင်းသားပေါင်းစုံသည် တော်လှန်ရေးကြယ်ဖြူပွင့်ကြီးကို လက်မောင်းတွင်ပတ်ကာ မြန်မာ့ဇာတိသွေး ပြသခဲ့သည်။

ဗြိတိသျှတို့သည် ၁၈၈၆ ခုနှစ်မှစပြီး မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက် စိုးမိုးသောအခါ အဓိကချမှတ်သော ယင်းတို့၏ မဟာဗျူဟာကား ညီညွတ်စည်းလုံးလွန်းလှသော မြန်မာတိုင်းရင်းသားများ၏ ဒေသများကို ခွဲခြားအုပ်ချုပ်သည့်ပုံစံများ ချမှတ်ရန်ဖြစ်သည်။ တိုင်းရင်းသားချင်း မထိတွေ့ မစုစည်းနိုင်ရန် တိုင်းရင်းသားဒေသတစ်ခု ဥပဒေတစ်မျိုး၊ အုပ်ချုပ်ရေးပုံစံတစ်မျိုးဖြင့် အုပ်ချုပ်ခဲ့သည်။ နယ်ချဲ့တို့၏ နည်းဗျူဟာကား ဗေဒဥပါယ် (သွေးခွဲအုပ်ချုပ်ခြင်း) Divide and Rule ဖြစ်သည်။ မြန်မာတို့၏ စည်းလုံးညီညွတ်မှုကို ဗြိတိသျှနယ်ချဲ့သမားတို့ အကြောက်ကြီး ကြောက်ခဲ့ကြောင်း ဤလုပ်ရပ်များက ပေါ်လွင်ထင်ရှား စေခဲ့သည်။

ဗြိတိသျှတို့သည် တောင်ပေါ်တိုင်းရင်းသားတို့ နေထိုင်ရာ တောင်တန်းဒေသကို အမည်အမျိုးမျိုးမှည့်ခေါ်ပြီး မြေပြန့်နေ တိုင်းရင်းသားတို့နှင့် အဆင့်အတန်းခွဲခြားခဲ့သည်။ သွေးခွဲအုပ်စိုးမှု ပရိယာယ် တစ်ခုပင်ဖြစ်သည်။ တောင်တန်းဒေသများကို ဒိုင်အာခီအုပ်ချုပ်ရေးခေတ် (၁၉၂၃ခုနှစ်) မတိုင်မီက "ခေတ်နောက်ကျသောဒေသများ"ဟူ၍လည်းကောင်း၊ ဒိုင်အာခီခေတ်တွင် "ခြွင်းချန်ဒေသများ" (Scheduled Area)ဟူ၍ လည်းကောင်း၊ ၉၁ ဌာနအုပ်ချုပ်ရေးခေတ်(၁၉၃၇ခုနှစ်)တွင် "သီးခြားဒေသများ"ဟူ၍လည်းကောင်း၊ ဒုတိယကမ္ဘာစစ်အပြီး ဗြိတိသျှ စစ်ပြေးအစိုးရ မြန်မာနိုင်ငံအတွင်း (မြန်မာတို့က ဖက်ဆစ်တို့ကို မောင်းထုတ်အပြီး) ဝင်လာသောအခါ "နယ်ခြားဒေသများ"ဟူ၍ လည်းကောင်း ပြောင်းလဲမှည့်ခေါ်ခဲ့သည်။ နာမည်သာပြောင်းသည်။ တိုးတက်ကောင်းမွန်သော အုပ်ချုပ်ရေးကိုကား မပေး။ သွေးခွဲအုပ်ချုပ်ရေးကိုသာ ဆက်လုပ်ခဲ့သည်။ တောင်တန်းဒေသ နာမည်တစ်ခု ပြောင်းတိုင်း တောင်တန်းဒေသဆိုင်ရာ ဗြိတိသျှ မဟာမင်းကြီး၏ ချုပ်ချယ်သော ဥပဒေများ ပို၍တင်းကျပ်လာမြဲသာ ဖြစ်ခဲ့သည်။

ဗြိတိသျှတို့က မြန်မာနိုင်ငံကို သိမ်းပိုက်ခြင်းသည် မြေပေါ် မြေအောက်သယံဇာတများ၊ စိုက်ပျိုးထုတ်လုပ်သော ကုန်ပစ္စည်းများ၊ ပတ္တမြား၊ ကျောက်သံ၊ စပါးကောက်နှံသီးနှံများကို စရိတ်ကျဉ်းကျဉ်း အလကားပဲတင်းလောက်နှင့် ထုတ်ယူသွေးစုပ်ရန် ဖြစ်ပေသည်။ စက်မှုသာ ထွန်းကားသည်၊ ပြည်တွင်း၌ ကုန်ကြမ်းမရှိ၊ စွမ်းအင်လောင်စာ မဖူလုံ၊ လုပ်သား(လုပ်အား) မပြည့်စုံ၊ ထွက်ကုန်များဝယ်ယူမည့် ဈေးကွက်သည် မလုံလောက်၍ သူတစ်ပါးနိုင်ငံကို အဓမ္မကျူးကျော် တိုက်ခိုက်သိမ်းပိုက် လုယက်ကြသော ဥရောပစက်မှုအရင်းရှင် နယ်ချဲ့နိုင်ငံတို့၏ နယ်ချဲ့မှုကြောင့် မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံတစ်ရာကျော် ကိုလိုနီထမ်းပိုးအောက် ကျရောက် ခဲ့ကြခြင်းဖြစ်သည်။

ဗြိတိသျှတို့က သွေးခွဲကာ ကန့်သတ်ချုပ်ချယ်ထားသည့်ကြားမှ အမျိုးသားရေးနိုးကြားတက်ကြွလာသော မြန်မာတိုင်းရင်းသားတို့သည် စည်းလုံးညီညွတ်စွာ လွတ်လပ်ရေးတိုက်ပွဲ တစ်ဆင့်ပြီးတစ်ဆင့် ဆင်နွှဲခဲ့ကြသည်။ ဗြိတိသျှတို့သည် သူတို့အုပ်စိုးစဉ်ကာလ တစ်လျှောက် မြန်မာတို့၏ သယံဇာတ နေဥစ္စာအစုံ၊ ထွက်ကုန်ပစ္စည်းမှန်သမျှ ထုတ်ယူရန် လိုအပ်သလောက်အတွက်သာ လမ်းဖောက်ခဲ့သည်။ ၎င်းတို့ အကျိုးစီးပွားအတွက် မလိုအပ်သော နယ်မြေဒေသများ (အထူးသဖြင့် တောင်ပေါ်ဒေသ - နယ်စွန်နယ်ဖျား - နယ်စပ်ဒေသများ) အတွက် လမ်းဖောက်မပေး၊ ကျောင်းဆောက်မပေး၊ မွဲအောင်ငတ်အောင်ထားပြီးမှ ဗြိတိသျှ ကုန်သည်များက ယင်းဒေသများ၌ ဘိန်းစိုက်ပျိုးခိုင်းခဲ့သည်။ ဘိန်းမှမစိုက်လျှင် ငတ်သေရမည့်ကိန်းဆိုက်အောင် ထားခဲ့ကြသည်။ ဤသို့ဖြင့် ရွှေတြိဂံ၊ ရွှေလခြမ်းဒေသများအပါအဝင် အာရှ၌ ဗြိတိသျှ၊ ဒတ်ချ်၊ ပေါ်တူဂီ၊ ပြင်သစ်တို့၏ ဘိန်းခင်းကြီးများ တောထလာခဲ့သည်။ တရုတ်နှင့် ဗြိတိသျှတို့ ဘိန်းစစ်ပွဲဖြစ်သည်အထိ ဗြိတိသျှတို့ ဘိန်း ကုန်ကူးမှုမြင့်မားခဲ့သည်။ အနောက်မှ စာနယ်ဇင်းသမားတို့၏ အဆိုအရ ထိုအချိန်က ဗြိတိသျှဘုရင်၊ ဘုရင်မတို့၏ ဘဏ္ဍာတော်တိုက်အတွင်း ဘိန်းရောင်းရငွေများ ဒီရေအလားစီးဝင်ခဲ့သည်။ ထိုဗြိတိသျှနယ်ချဲ့တို့၏ "ဘိန်း"ဆိုးမွေကို အမြစ်ဖြုတ်ရန် မြန်မာတိုင်းရင်းသားတို့ ယနေ့ခေတ်တွင် အစွမ်းကုန် ကြိုးစားနေကြရသည်။

နယ်ချဲ့ကျူးကျော်မှု တွန်းလှန်ခုခံရေးကာလများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလများနှင့် ဖက်ဆစ်တော်လှန်ရေးကာလတစ်လျှောက် မြန်မာတိုင်းရင်းသားတို့ စည်းလုံးညီညွတ်ခဲ့ကြသည်။ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ ပြည်ထောင်စုသားတို့

တက္ကသိုလ်မြတ်သူ

လွတ်လပ်ရေးအရသာ ခံစားနိုင်အောင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်းကောင်း ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီဖြင့် စုပေါင်းလက်ယှက်၊ ညီညွတ်စွာ ဆောင်ရွက်ခဲ့ကြသည်။

ဗြိတိသျှနယ်ချဲ့သမားများ (ယနေ့ကာလ ကိုလိုနီလက်သစ်များ အပါအဝင်)တို့က မြန်မာတို့အား သွေးခွဲခဲ့ကြသည်။ ကိုယ့်နိုင်ငံ ကိုယ့်ဇာတိမြေအတွင်းမှာပင် နယ်ချဲ့အစိုးရက နယ်ခြားဖြတ်သန်းရေး ဥပဒေ (Frontier Crossing Regulation) ဖြင့် လွတ်လပ်စွာ မသွားနိုင်အောင် ဟန့်တားချုပ်ချယ်ခဲ့သည်။ နိုင်ငံရေးသမားမဆိုထားဘိ ဗုဒ္ဓသာသနာပြုရဟန်းတော်များပင် တစ်နယ်မှ တစ်နယ်သို့ သွားခွင့်မပြု။ ဆိုင်ရာ ဗြိတိသျှ အရာရှိကြီးများထံ ခွင့်တောင်းကြရသည်။ ခွင့်ပြုချက်ရရှိမှ သွားလာခွင့်ပြုသည်။ တောင်တန်းဒေသများတွင် ပဒေသရာဇ်များနှင့် ဗြိတိသျှနယ်ခြားဝန်ထောက်တို့က ပြည်သူများတုတ်တုတ်မျှ မလှုပ်ဝံ့ မလှုပ်သာအောင် ဖိချုပ်ထားခဲ့ကြသည်။ ယင်းနယ်ကျော်ဖြတ်သန်းခွင့် ချိုးဖောက်လျှင် တိုင်းရင်းသားများကို အခွန်နှစ်ဆကောက်၊ သူခိုး၊ ဓားပြ၊ ဘိန်းစားများဟု မတရားသဖြင့် စွပ်စွဲကာ နယ်နှင်ဒဏ်ပေးခဲ့ကြ သည်။

ပင်လုံညီလာခံကြီးက ဗြိတိသျှတို့၏ မြန်မာနိုင်ငံကို ပိုင်းစိတ်ခွဲခြားပြီ
ငါးတစ်ပိုင်း လွတ်လပ်ရေးပေးလိုမှုကို မြန်မာတို့ လုံးဝလက်မခံကြောင်း၊
ဗြိတိသျှတို့သိမ်းယူခဲ့သော မြန်မာ့ပိုင်နက် နယ်မြေအားလုံး လုံးဝလွတ်လပ်ရေ
ဖြစ်ကြောင်း ကမ္ဘာသိ သန္နိဋ္ဌာန်ချ ခဲ့လေသည်(ဝါ)အချုပ်အခြာအာဏာပိုင်
မြန်မာပြည်ထောင်စုကြီးပေါ်ထွန်းလာစေသည့် တိုင်းရင်းသားစုံ စည်းလုံးညီညွ
စွမ်းပကားကို ကမ္ဘာသို့ သိကြားစေခဲ့သော မြန်မာ့လွတ်လပ်ရေး ဆုံးဖြတ်ချ

မြန်မာပြည်ထောင်စုကြီးက မည်သူ့နှံ့နှံ့မနဲ့၊ မည်သို့မျှ ပြည်ထောင်စု
မြန်မာ ပြည်ထောင်စုကြီး ငြိမ်းချမ်းကာ ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်နေ
လုပ်ငန်းစဉ်များ ခရီးရောက်နေပြီ။ သမိုင်းနှင့်ချီပြီးညီခဲ့သော မြန်မာတိုင်း
စည်းလုံးညီညွတ်မှုကား ပြည်ထောင်စုကို ကာကွယ်မည့် ရေမခွန်အားပင်။

မြေပြန့်ဒေသသို့ ပညာသင်ရန် လာရောက်သော ပြည်နယ် တောင်တန်းသားများကိုလည်း ကန့်သတ်ချုပ်ချယ်ခဲ့သည်။ အထူးသဖြင့် ရှမ်းမြေမြင့်မှ ရန်ကုန်တက္ကသိုလ်သို့ ပညာသင်ရန် လာရောက်သူ များကို အင်းဝဆောင်၌ သီးသန့်ထားကာ အခြားကျောင်းသားများနှင့် ဆက်ဆံခွင့်မပေးဘဲထားသည်။ အင်းဝဆောင်ကို ဗြိတိသျှလူမျိုး ဒေါက်တာ ပိကော့ကိုယ်တိုင် အုပ်ချုပ်ထိန်းကွပ်ထားသည်။ သို့သော် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲဝင် မျိုးချစ်များနှင့် ရှမ်းကျောင်းသားများ ဆက်သွယ်ဆက်ဆံမိကြကာ နယ်ချဲ့ကန့်သတ်မှု အကြားမှပင် တူညီသော လွတ်လပ်ရေးစိတ်ဓာတ်များ ပေါင်းစုစည်းလုံးမိခဲ့ကြသည်။ မျိုးချစ်စိတ်ဓာတ် လှုံ့ဆော်၊ အမျိုးသားရေး စိတ်ဓာတ် နှိုးဆွ၊ လွတ်လပ်ရေးစိတ်ဓာတ်ပွားများ စေသော နိုင်ငံရေး စာပေများလည်း ထုတ်ဝေလာကြသည်။ ဟောပြောစည်းရုံးလာကြသည်။ ဤသို့ဖြင့် တိုင်းရင်းသား လူထုသည် နိုင်ငံရေးမျက်စိပွင့်လာကာ ပဒေသရာဇ် ဆန့်ကျင်ရေး၊ ဗြိတိသျှအစိုးရ ဆန့်ကျင်ရေး၊ မြေပြန့်(ပြည်မ)နှင့် ပူးပေါင်း၍ လွတ်လပ်ရေး ရယူရေး စသည့်ဆန္ဒများဖြင့် စည်းလုံးမိလာကြသည်။

လွတ်လပ်ရေး တောင်းဆို တိုက်ပွဲဝင်မှုသည် တို့ဗမာအစည်းအရုံး ၏ စည်းရုံးလှုံ့ဆော်မှုကြောင့် အရှိန်အဟုန် မြင့်တက်လာခဲ့သည်။ တိုင်းရင်းသား ပြည်သူတို့၏ လွတ်လပ်ရေးဆန္ဒကို မလွန်ဆန်နိုင်တော့၍

၁၉၄၆ခုနှစ် နှစ်ကုန်ပိုင်း ဘိလပ်တွင် ဗိုလ်ချုပ်
သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် နန်းရင်း
အက်တလီတို့ မြန်မာ့လွတ်လပ်ရေးအတွက်
မြန်မာနိုင်ငံကို ဗြိတိသျှတို့ ကျူးကျော်သိမ်
တစ်ခုလုံး(တစ်နိုင်ငံလုံး)ကို သိမ်းပိုက်ပြီး လွ
အခြေသို့ ဆိုက်ရောက်လာသောအခါ မူးတ
တောင်တန်းဒေသမှ တောင်တန်းသားတိုင်းရ
မိမိတို့ မအုပ်ချုပ်တတ်သေးသဖြင့် ယင်းဒေ
ဗြိတိသျှကိုလိုနီအဖြစ် ဆက်ထားမည်၊ ဗမာပြ
လွတ်လပ်ရေးယူပါဟု ဗြိတိသျှတို့က မြန်မာ
စိတ်ဖြာပစ်ရန် လုပ်လာသည်။

ဗြိတိသျှတောင်တန်းဒေသ မဟာမင်းကြီ
ပေးမှုဖြင့် ရှမ်းပဒေသရာဇ် စော်ဘွားအချို့က
ဗမာကိုယ်စားလှယ်သာဖြစ်သည်။ ရှမ်းတို့၏
မိမိတို့ စော်ဘွားများကို ဘိလပ်သို့ဖိတ်ပါ
ရှမ်းပဒေသရာဇ်ဆန့်ကျင်ရေး လွတ်လပ်ရေး
ရှမ်းမျိုးချစ်လူငယ်များက တောင်ကြီးတွင်
ကျင်းပကာ ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြ
ဖြစ်သည်။ ရှမ်းလူထုက ဗမာနှင့်အတူ
ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ဘိလ
ရိုက်ခဲ့သည်။

တိုင်းရင်းသားတို့၏ လွတ်လပ်ရေးဆန္ဒ
၁၉၄၇ခုနှစ် ဖေဖော်ဝါရီလတွင် လွိုင်လင်ခ
တိုင်းရင်းသားစုံခေါင်းဆောင်များ၏ ညီလာခံ
ပင်လုံညီလာခံဟုတွင်သည်။ ယင်းပင်လုံညီလ
သော ကိုလိုနီဆိုင်ရာအတွင်းဝန် ဘော့
တောင်တန်းဒေသဆိုင်ရာ ဗြိတိသျှမဟာမင်
စော်ဘွားအချို့အား သွေးထိုးပေးပြီး ပင်လုံညီ
အားထုတ်ခဲ့သည်။ ၁၉၄၇ခုနှစ် ဖေဖော်ဝါ
ဒုတိယ ပင်လုံညီလာခံဖြစ်သည်။ ပထမပင်
မတ်လတွင် ပင်လုံ၌ လက်မှုပညာပြပွဲ၊
ကျင်းပခဲ့သည်။ ထိုအချိန် ဗြိတိသျှတို့က မြ
တစ်ပျက် လွတ်လပ်ရေး(ဝါ) ဖားတစ်ပိုင်း ငါ
မလပ်တလပ် လွတ်လပ်ရေးဖြစ်သည့် ဒိုမီနီ

နေပေသည်။ ပင်လုံပထမညီလာခံသည် ဂ
ခဲ့သည်။ ရှမ်းမျိုးချစ်လူငယ်ခေါင်းဆောင် ဦး
တက္ကသိုလ် မြန်မာစာ ဒုတိယပါမောက္ခ ရှမ်း
ဦးစော လာခြင်းသည် ကောင်းသောလာခြင်းဖြ
သည်။ သို့ရာတွင် ဦးစောသည် ရန်ကုန်၌
ရှမ်းပြည်တွင် ရောင်းရန်လာပါက နေရပ်သို့သ
ရှမ်းပြည်လူထုအနေဖြင့် လုံးဝလွတ်လပ်ရေး
ပွင့်ပွင့်လင်းလင်းပြောကြားခဲ့သည်။ ထိုစဉ်က
လွတ်လပ်ရေးမှာ အချုပ်အခြာအာဏာ အ
လုံးဝ အမှီအခိုကင်းသော လုံးဝလွတ်လပ်ရေ
ဖြစ်သည်။

ဒုတိယ ပင်လုံညီလာခံကို ၁၉၄၇ ခုနှစ်
စတင်ကျင်းပသည်။ တိုင်းရင်းသားခေါင်းဆေ
ပြည်သူလူထုများက မြန်မာတစ်ပြည်လုံး အတ
ရယူမည်ဟု သန္နိဋ္ဌာန်ချမှတ် ကြွေးကြော်
ကာလမှာပင် ဗြိတိသျှနယ်ချဲ့ကိုယ်စားလှယ်
စတီဗင်ဆင်က "သီးခြားလွတ်လပ်ရေးယူပြီး

၁၉၄၆ခုနှစ် နှစ်ကုန်ပိုင်း ဘိလပ်တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် နန်းရင်းဝန်(ဝန်ကြီးချုပ်) ကလီးမင့် အက်တလီတို့ မြန်မာ့လွတ်လပ်ရေးအတွက် တွေ့ဆုံဆွေးနွေးကြသည်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့ ကျူးကျော်သိမ်းပိုက်စဉ်က ပြည်ထောင်စု တစ်ခုလုံး(တစ်နိုင်ငံလုံး)ကို သိမ်းပိုက်ပြီး လွတ်လပ်ရေး ပြန်ပေးရမည့် အခြေသို့ ဆိုက်ရောက်လာသောအခါ မူးတင်းပဲတင်း လုပ်လာသည်။ တောင်တန်းဒေသမှ တောင်တန်းသားတိုင်းရင်းသားများသည် မိမိကိုယ်မိမိတို့ မအုပ်ချုပ်တတ်သေးသဖြင့် ယင်းဒေသများကို ခြွင်းချန်ဒေသ ဗြိတိသျှကိုလိုနီအဖြစ် ဆက်ထားမည်၊ ဗမာပြည်မ (မြေပြန့်ဒေသ)ကိုသာ လွတ်လပ်ရေးယူပါဟု ဗြိတိသျှတို့က မြန်မာနိုင်ငံ နယ်နိမိတ်ကို ခွဲခြမ်းစိတ်ဖြာပစ်ရန် လုပ်လာသည်။

ဗြိတိသျှတောင်တန်းဒေသ မဟာမင်းကြီး စတီဗင်ဆင်၏ သွေးထိုးပေးမှုဖြင့် ရှမ်းပဒေသရာဇ် စော်ဘွားအချို့က ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာကိုယ်စားလှယ်သာဖြစ်သည်။ ရှမ်းတို့၏ သဘောထားကို သိလိုလျှင် မိမိတို့ စော်ဘွားများကို ဘိလပ်သို့ဖိတ်ပါဟု ကြေးနန်းရိုက်ခဲ့သည်။ ရှမ်းပဒေသရာဇ်ဆန့်ကျင်ရေး လွတ်လပ်ရေးစိတ်ဓာတ် ထက်သန်သော ရှမ်းမျိုးချစ်လူငယ်များက တောင်ကြီးတွင် လူထုအစည်းအဝေးကြီး ကျင်းပကာ ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်သူတို့၏ ကိုယ်စားလှယ်ဖြစ်သည်။ ရှမ်းလူထုက ဗမာနှင့်အတူ လွတ်လပ်ရေးယူမည်ဟု ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ဘိလပ်(လန်ဒန်)သို့ ကြေးနန်းရိုက်ခဲ့သည်။

တိုင်းရင်းသားတို့၏ လွတ်လပ်ရေးဆန္ဒကို တစ်ခဲနက်ဖော်ပြနိုင်ရန် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလတွင် လွိုင်လင်ခရိုင် ပင်လုံမြို့ကလေးတွင် တိုင်းရင်းသားစုံခေါင်းဆောင်များ၏ ညီလာခံကြီးတစ်ရပ်ကျင်းပခဲ့သည်။ ပင်လုံညီလာခံဟုတွင်သည်။ ယင်းပင်လုံညီလာခံသို့ ဘိလပ်မှစေလွှတ်သော ကိုလိုနီဆိုင်ရာအတွင်းဝန် ဘော့တွမ်လေနှင့် မြန်မာပြည်တောင်တန်းဒေသဆိုင်ရာ ဗြိတိသျှမဟာမင်းကြီး စတီဗင်ဆင်တို့က စော်ဘွားအချို့အား သွေးထိုးပေးပြီး ပင်လုံညီလာခံ မအောင်မြင်စေရန် အားထုတ်ခဲ့သည်။ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ပင်လုံညီလာခံသည် ဒုတိယ ပင်လုံညီလာခံဖြစ်သည်။ ပထမပင်လုံညီလာခံကို ၁၉၄၆ ခုနှစ် မတ်လတွင် ပင်လုံ၌ လက်မှုပညာပြပွဲ၊ ဟောပြောပွဲကြီးတို့နှင့်အတူ ကျင်းပခဲ့သည်။ ထိုအချိန် ဗြိတိသျှတို့က မြန်မာတို့အနေဖြင့် တစ်ဝက်တစ်ပျက် လွတ်လပ်ရေး(ဝါ) ဖားတစ်ပိုင်း ငါးတစ်ပိုင်း မလွတ်တလွတ်၊ မလပ်တလပ် လွတ်လပ်ရေးဖြစ်သည့် ဒိုမီနီယံကိုယူရန် သွေးဆောင်

...၏ မြန်မာနိုင်ငံကို ပိုင်းစိတ်ခွဲခြားပြီး ဖားတစ်ပိုင်း ... မြန်မာတို့ လုံးဝလက်မခံကြောင်း၊ ၁၈၈၅ခုနှစ်တွင် ...က် နယ်မြေအားလုံး လုံးဝလွတ်လပ်ရေးကိုသာ ယူမည် ...သည်(ဝါ)အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ...သည့် တိုင်းရင်းသားစုံ စည်းလုံးညီညွတ်မှုခွန်အားနှင့် ...သာ မြန်မာ့လွတ်လပ်ရေး ဆုံးဖြတ်ချက်ကြီးပင်။

...နှဲ့နှဲ့မနဲ့၊ မည်သို့မျှ ပြည်ထောင်စု ပြိုကွဲမခံ၊ ယနေ့ ... ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်နေပြီး ဒီမိုကရေစီ ...မိုင်းနှင့်ချီပြီးညီခဲ့သော မြန်မာတိုင်းရင်းသားတို့၏ ...ကို ကာကွယ်မည့် ရောမခွန်အားပင်။

နေပေသည်။ ပင်လုံပထမညီလာခံသည် ဂဠုန်ဦးစော တက်ရောက်ခဲ့သည်။ ရှမ်းမျိုးချစ်လူငယ်ခေါင်းဆောင် ဦးတင်ဧ (နောင် ရန်ကုန်တက္ကသိုလ် မြန်မာစာ ဒုတိယပါမောက္ခ ရှမ်းပြည် ဦးတင်ဧ)က "ဂဠုန်ဦးစော လာခြင်းသည် ကောင်းသောလာခြင်းဖြစ်ပါစေဟု မိမိတို့ မျှော်လင့်သည်။ သို့ရာတွင် ဦးစောသည် ရန်ကုန်၌ ရောင်းမစွံသော ဒိုမီနီယံကို ရှမ်းပြည်တွင် ရောင်းရန်လာပါက နေရပ်သို့သာ အမြန်ဆုံး ပြန်သွားပါ။ ရှမ်းပြည်လူထုအနေဖြင့် လုံးဝလွတ်လပ်ရေးကိုသာ လိုလားသည်"ဟု ပွင့်ပွင့်လင်းလင်းပြောကြားခဲ့သည်။ ထိုစဉ်က မြန်မာတို့ ရယူလိုသော လွတ်လပ်ရေးမှာ အချုပ်အခြာအာဏာ အပြည့်အဝရရှိပြီး ပြည်ပကို လုံးဝ အမှီအခိုကင်းသော လုံးဝလွတ်လပ်ရေး (Independence)သာ ဖြစ်သည်။

ဒုတိယ ပင်လုံညီလာခံကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့မှ စတင်ကျင်းပသည်။ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူလူထုများက မြန်မာတစ်ပြည်လုံး အတူတကွ လုံးဝလွတ်လပ်ရေး ရယူမည်ဟု သန္နိဋ္ဌာန်ချမှတ် ကြွေးကြော်နေသည်။ ပင်လုံညီလာခံ ကာလမှာပင် ဗြိတိသျှနယ်ချဲ့ကိုယ်စားလှယ် တောင်တန်းဒေသ မင်းကြီး စတီဗင်ဆင်က "သီးခြားလွတ်လပ်ရေးယူပြီး ဗြိတိသျှ ဓနသဟာယ

ပြည်ထောင်စုကိုချစ်

* ပြည်ထောင်စုကိုချစ်
တိုင်းရင်းသားချင်း မျိုးဆွေဖြစ်
ရင်းနှီးကျွမ်းဝင်အလွန်ချစ်
ကိုယ့်ပြည် ကိုယ့်မြေ ကိုယ်သာချစ်
ဘယ်တိုင်းတစ်ပါးမှ ဒို့လောက်မချစ်။

* ပြည်ထောင်စုကိုချစ်
ဒို့အရေးသုံးပါးအရင်းအမြစ်
အမျိုးသားရေးတာဝန်ဖြစ်
စည်းလုံးချစ်ကြည်အားမာန်သစ်
မဝေးလှပြီပန်းတိုင်သစ်။

* ပြည်ထောင်စုကိုချစ်
ရှေ့ဆက်သွားမည့်လမ်းစဉ်ခုနစ်
တိုင်းရင်းသားအားလုံးတာဝန်ဖြစ်
ဖွဲ့စည်းပုံအခြေခံဥပဒေသစ်
အခြေခံမူများကျစ်ကျစ်လျစ်။

* ပြည်ထောင်စုကိုချစ်
ပင်လုံစိတ်ဓာတ်ရင်တွင်းအနှစ်
မဆုတ်မနစ်အားမာန်သစ်
ခြောက်ဆယ့်တစ်နှစ်တိုင်ပြီဖြစ်
တွဲလက်မဖြုတ်ပါရာထောင်နှစ်။ ။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်...

ဖိုးရန်နိုင် (ကျောက်ကြီး)

အဖွဲ့ထဲမှာနေရင် ဘေးကင်းတယ်။ လိုတဲ့အကူအညီ အားလုံးပေးမယ်။ အလိုရှိရင် ငွေသိန်းပေါင်းငါးဆယ်နဲ့ လက်နက်ငယ်တွေပေးထားမယ်။ စိတ်ကူးမလွဲနဲ့၊ ပူးပေါင်းပြီး လွတ်လပ်ရေးယူရင် မပြင်နိုင်တဲ့ အမှားတွေဖြစ်မှာပဲ"ဟု စွက်ဖက် သွေးခွဲခြေရှုပ်ခဲ့သည်။ အလားတူ အောက်ပါ သွေးခွဲစကားကိုလည်း ပြောခဲ့ကြသည်–

"ဗမာတွေက ခင်ဗျားတို့ကို လိုက်လျောလှချည်လား၊ ဒါလောက်လွယ်တာက အကြောင်းတစ်ခုခုတော့ရှိမယ်။ အရမ်းမလုပ်ဘဲ စဉ်းစဉ်းစားစား လုပ်ကြရင်ကောင်းမယ်။ ဗိုလ်ချုပ်ရုပ်ကိုကြည့်ပါလား။ ဂျပန်စိတ် မပျောက်သေးဘူး။ တော်တော်ကြာရင် ခင်ဗျားတို့ ဖက်ဆစ်လက်အောက်ရောက်သွားမှာပဲ"

နယ်ချဲ့တို့ မည်မျှပင် သွေးထိုးစေကာမူ နိုင်ငံတစ်ဝန်းမှ အထူးသဖြင့် တောင်တန်းဒေသ တိုင်းရင်းသားပြည်သူများက လူထုအစည်းအဝေးကြီးများ ကျင်းပကာ လုံးဝလွတ်လပ်ရေးကို တောင်းဆိုကြသည်။ တောင်တန်းမြေပြန့် မခွဲမခြားဘဲ လွတ်လပ်ရေး အတူယူကြမည်ဟု ကြွေးကြော်ကြသည်။

ပင်လုံညီလာခံကြီး၏ သဘာပတိလည်းဖြစ်၊ ညီလာခံဖြစ်မြောက်ရန် ဦးစီးဦးကိုင်အဖြစ်လည်း လုပ်ကိုင်၊ ဝါရင့်သမ္မာရင့် ခေါင်းဆောင်လည်း ဖြစ်သော ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မှ ပလောင်တောင်ပိုင် စော်ဘွားကြီး စဝ်ခွန်ပန်းစိန်က တိုင်းရင်းသားများအားလုံး အတူတကွ လွတ်လပ်ရေး ယူမည့် သဘောထားကို ဤသို့ပြောကြားခဲ့သည်–

"နိုင်ငံတိုင်းသည် လွတ်လပ်ရေးကို လိုလားတမ်းတကြသည်မှာလည်း ထူးခြားဆန်းပြားသော အလုပ်မျိုး မဟုတ်သည့်အလျောက် ဓမ္မတာအတိုင်း မိမိတို့လည်း လွတ်လပ်ရေးကို လိုလားပါသည်။ တောင်တန်းသားများက လွတ်လပ်ရေးကို လိုလားကြသည်မှာ အတော်ပင်ကြာခဲ့ပြီဖြစ်ပါသည်။ အင်္ဂလိပ်များ လွှမ်းမိုးနေသည့်အတွက် ဘာကိုမျှ မလုပ်မကိုင်နိုင်ကြပါ။ အင်္ဂလိပ်များ ဖိနှိပ်နေသည့်အတွက် တိုးတက်မှုများကို မလုပ်နိုင်အောင်ရှိခဲ့ပါသည်။ မိမိတို့သည် ဗြိတိသျှတို့လိုလားသော အတိုင်ပင်ခံကောင်စီအဖွဲ့ကို လက်ခံမည်မဟုတ်ပါ"

စော်ဘွားကြီး စဝ်ခွန်ပန်းစိန်၏ အထက်ပါမိန့်ခွန်းသည် ပင်လုံညီလာခံကြီး၏ ပဲ့တင်သံဖြစ်လာခဲ့သည်။ ပင်လုံစာချုပ်ကို ပါဝင်လက်မှတ်မထိုးရန် စတီဗင်ဆင်နှင့် ဘော့တွမ်လေတို့ ကျားကုတ် ကျားခဲ ဟန့်တားသည့်ကြားမှ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် ဖဆပလ ခေါင်းဆောင်များ ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးကာ သမိုင်းမော်ကွန်းတင်ခဲ့သည်။ ဗြိတိသျှနယ်ချဲ့အစိုးရသည် (ဘိလပ်မှ ဘုရင်အစိုးရအပါအဝင်) ပင်လုံညီလာခံကြီး အောင်မြင်မည်မဟုတ်ဟု ဒူးနှန့်ပြီး ပြုံးနေခဲ့ကြသည်။ မအောင်မြင်စေရန်လည်း ဘက်ပေါင်းစုံမှ နှောင့်ယှက်ဟန့်တားခဲ့ကြသည်။ ပင်လုံညီလာခံကြီး ပျက်သွားပြီဟူသော သတင်းကို မဆိုင်းမတွ ကြားသိလိုသဖြင့် ပင်လုံတွင် အရေးပေါ် (ယာယီ) ကြေးနန်းရုံး ဖွင့်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် အဆိုပါ ကြေးနန်းရုံးမှပင် ပင်လုံညီလာခံကြီး အောင်မြင်စွာ

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့် အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ကျင်းပပြီးစီးပြီး ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုး လိုက်ပြီဟူသော မြန်မာတို့၏ အောင်ကြေးနန်းဝင်လာသဖြင့် ဘိလပ်အစိုးရ တုန်လှုပ်သွားခဲ့ရသည်။

ပင်လုံညီလာခံကြီးက ဗြိတိသျှတို့၏ မြန်မာနိုင်ငံကို ပိုင်းစိတ်ခွဲခြားပြီး ဖားတစ်ပိုင်းငါးတစ်ပိုင်း လွတ်လပ်ရေးပေးလိုမှုကို မြန်မာတို့ လုံးဝလက်မခံကြောင်း၊ ၁၈၈၅ခုနှစ်တွင် ဗြိတိသျှတို့ သိမ်းယူခဲ့သော မြန်မာ့ပိုင်နက် နယ်မြေအားလုံး လုံးဝလွတ်လပ်ရေးကိုသာ ယူမည် ဖြစ်ကြောင်း ကမ္ဘာသိ သန္နိဋ္ဌာန်ချခဲ့လေသည်(ဝါ) အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော မြန်မာပြည်ထောင်စုကြီး ပေါ်ထွန်းလာစေသည့် တိုင်းရင်းသားစုံ စည်းလုံးညီညွတ်မှုခွန်အားနှင့်စွမ်းပကားကို ကမ္ဘာသို့ သိကြားစေခဲ့သော မြန်မာ့လွတ်လပ်ရေး ဆုံးဖြတ်ချက်ကြီးပင် ဖြစ်တော့သည်။

သို့တိုင် နယ်ချဲ့ဗြိတိသျှတို့ဘက်က မလျှော့သေးပေ။ ပင်လုံစာချုပ်တွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုံ မပါဝင်သေး၍ မြန်မာတိုင်းရင်းသားအားလုံး၏ သဘောဆန္ဒမဟုတ်သေးဟု ဆိုပြန်သည်။ ထို့ကြောင့် ကျန်တိုင်းရင်းသားတို့၏ ဆန္ဒသဘောထားမေးရဦးမည်ဆိုကာ ဗြိတိသျှ ပါလီမန်အမတ်ရီးစ်ဝီလျံအား ဥက္ကဋ္ဌအဖြစ် ခန့်ထားသည့် ကော်မရှင် အဖွဲ့အစည်းက မြန်မာနိုင်ငံ တောင်ပေါ်မြေပြန့်မှ တိုင်းရင်းသားဒေသများသို့ ဆန္ဒခံယူသည်။ ယင်းကော်မရှင်က ၎င်းတို့လိုလားသည့်အတိုင်း ပင်လုံစာချုပ်ကို လက်မခံဟူသော အဖြေမျိုး ပေးစေရန် တိုင်းရင်းသားများကို ရေလာမြောင်းပေး ပြောဆိုမြှူဆွယ်ကြသည်။ နိုင်ငံတစ်ဝန်းမှ တိုင်းရင်းသားအားလုံး၏ ဖြေကြားချက်(ဝါ) ရီးစ်ဝီလျံကော်မရှင်သို့ ပေးလိုက်သော အဖြေကလည်း တညီတညွတ်တစ်ခဲနက်ပင်–

"ကျုပ်တို့အားလုံး အတူတကွ လုံးဝလွတ်လပ်ရေးကိုသာ အလိုရှိကြသည်"

တိုင်းရင်းသားလူမျိုးတစ်ရာကျော်ရှိသော ဤမြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် ပြည်ထောင်စုတစ်ခုအသွင်ဖြင့် စုပေါင်းနေထိုင်ခဲ့ကြသည်။ ယနေ့ကာလပြန်ကြည့်လျှင်လည်း ပြည်နယ်တိုင်း၊ တိုင်းဒေသကြီးတိုင်းတွင် လူမျိုးတစ်မျိုးတည်းနေထိုင်ကြသည်မဟုတ်၊ ဒေသတိုင်း၌ တိုင်းရင်းသားလူမျိုးများ ရောနှောနေထိုင်ကြသည်။ ဤပြည်ထောင်စုသည် တိုင်းရင်းသားလူမျိုးတစ်ရာကျော် (ယနေ့ဦးရေ ၅၆ သန်း) တို့၏ နေအိမ်ဂေဟာကြီးသာဖြစ်သည်ကို အားလုံးတူညီစွာ ခံယူထားကြသည်။

ကမ္ဘာတွင် အရင်းရှင်စနစ် စတင်ထွန်းကားခဲ့သည်မှာလည်း ဥရောပကို ဗဟိုပြုသော ကမ္ဘာ့အနောက်ခြမ်း အရင်းရှင်တို့၏ ဝိသမလောဘကြောင့် ကမ္ဘာမြေပြင်အနှံ့ကျူးကျော်နယ်ချဲ့ပြီး ယင်းကျူးကျော်ခံနိုင်ငံများမှ သယံဇာတနေဥစ္စာများကို အဓမ္မသွေးစုပ်ဝါးမျိုကြသည်မှာလည်း အနောက်ခြမ်းကမ္ဘာပင်ဖြစ်သည်။ အမည်နာမအားဖြင့် နယ်ချဲ့အရင်းရှင် (ပုံစံဟောင်း၊ ပုံစံသစ်အရ ကျူးကျော်သွေးစုပ်သည်)နိုင်ငံများကို မြန်မာတို့သိပြီးဖြစ်သည်။ ယင်းနိုင်ငံများသည် ၎င်းတို့၏နိုင်ငံ၊ ၎င်းတို့ ပြည်ထောင်စုများကို ပြိုကွဲမခံဘဲ၊ အခြားနိုင်ငံများ၊ ပြည်ထောင်စုများကို စွက်ဖက်ကျူးကျော်ကာ နယ်ချဲ့ပုံစံဟောင်းသို့ တစ်ကျော့ပြန်သွားလိုကြသော နိုင်ငံများဖြစ်သည်။

ရာစုနှစ်များစွာ ကမ္ဘာမြေပြင်၏ ၇၇ရာခိုင်နှုန်း၊ ကမ္ဘာ့လူဦးရေ၏ ၇၅ရာခိုင်နှုန်းတို့၏အချုပ်အခြာအာဏာ၊ အခြေခံပိုင်ဆိုင်ခွင့်တည်းဟူသော လူ့အခွင့်အရေး၊ လွတ်လပ်စွာဆုံးဖြတ်ကာ မိမိနိုင်ငံကောင်းကျိုး ဖန်တီးနိုင်အပ်သော ဒီမိုကရေစီအခွင့်အရေးများကို အတင်းအဓမ္မလုယူပြီး စွက်ဖက်ကျူးကျော်ကျွန်ပြုခဲ့သော ဥရောပ (အီးယူထိပ်တန်းပိုင်း)နှင့် အမေရိကန် ပြည်ထောင်စုတို့က ယနေ့ကာလတွင် တစ်ချိန်က ကျွန်ပြုသွေးစုပ်ခံခဲ့ရ၍ လွတ်လပ်ရေးရယူကာ ပြန်လည် ထူထောင်နေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ဒီမိုကရေစီ လူ့အခွင့်အရေး၊ တိုင်းရင်းသားတို့ခွဲထွက်ခွင့် လွတ်လပ်ရေးဟူသော စကားလုံးများသုံးကာ တစ်ကျော့ပြန် စွက်ဖက် ကျူးကျော်လာနေပြန်ပြီဖြစ်သည်။ ဖွံ့ဖြိုးဆဲ ပြည်ထောင်စုများကို အစိတ်စိတ် ဖြိုခွဲရန် လုပ်ကြံနေကြပြန်ပြီ ဖြစ်သည်။

ဥရောပလူမျိုးစုံက မူလဒေသခံ ရက်ဒ်အင်ဒီးယန်းများကို တိုက်ခိုက် နှိမ်နင်း၊ လူမည်းများကို ကျွန်ပြုကာ ကျွဲနွားပမာ စေခိုင်း၊ ညှဉ်းပန်းခဲ့ပြီး အမေရိကန်ပြည်ထောင်စုဟူ၍ တည်ထောင်ခဲ့သည့် နိုင်ငံတွင် ၅၀ခု မြောက် ပြည်နယ်အဖြစ် နောက်ဆုံးအဓမ္မ ကျူးကျော်သိမ်းပိုက်ခဲ့သော ဟာဝိုင်ယီကျွန်းကို ပြည်နယ်သားများက လွတ်လပ်ရေး ပြန်တောင်းကြသည်။ အမေရိကန်ပြည်ထောင်စုအတွင်း သွတ်သွင်းခံခဲ့ရသော တောင်ပိုင်း ပြည်နယ်များက ပြည်ထောင်စုမှ ခွဲထွက်ရန် ကြိုးပမ်းခဲ့ကြသည်။ ထိုစဉ်က အမေရိကန်ပြည်ထောင်စု သမ္မတ အေဘရာဟင် လင်ကွန်းက ပြည်ထောင်စုပြိုကွဲမခံနိုင်ဟုဆိုကာ ပြည်ထောင်စုတပ်များ စေလွှတ်တိုက်ခိုက်ခဲ့သဖြင့် လူသိန်းပေါင်းများစွာ သေဆုံးသော အမေရိကန် ပြည်တွင်းစစ်ကြီး ၁၈၆၀ပြည့်နှစ် တစ်ဝိုက်က ဖြစ်ပွားခဲ့သည်။ ယနေ့တိုင် တောင်ပိုင်းပြည်နယ်များ သမဂ္ဂဖွဲ့စည်းကာ ခွဲထွက်ရေးလှုပ်ရှားဆဲဖြစ်သည်။ အမေရိကန်အစိုးရ အဆက်ဆက်၏ ပြည်ထောင်စု မပြိုကွဲရေးလုပ်ရပ်ကို မတရား၊ မမှန်ကန်ဟု ကျွန်တော်တို့ မပြောလို၊ မဝေဖန်လိုပါ။ သူတို့ပြည်ထောင်စု၏ပြည်တွင်းရေးဟုသာ သဘောထားရုံရှိပါသည်။ အမေရိကန်မီဒီယာများက တောင်ပိုင်း ခွဲထွက်ရေးသမားများကို ပြည်သူလူထု၏ရန်သူ (Enemy of The People) ဟု ကင်ပွန်းတပ်ခဲ့ကြသည်။

ဗြိတိသျှ(အင်္ဂလိပ်)တို့သည် ဥရောပမှ ကူးလာကာ အင်္ဂလန်နိုင်ငံ ထူထောင်ခဲ့ကြသည်။ အင်္ဂလန်ကျွန်းရှိ ဝေလ(ဝေးလ်)လူမျိုး၊ စကော့ လူမျိုးတို့အပြင် အနောက်ဘက်အိုင်ယာလန်ကျွန်းကိုပါ ကျူးကျော်သိမ်းပိုက်ပြီး ယူကေ(UK)ခေါ် ဗြိတိသျှပြည်ထောင်စု (United Kingdom) တည်ထောင်ထားသည်။ ယူနိုက်တက်၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

စာမျက်နှာ ၃ မှ

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် ရဟတ်ယာဉ်များဖြင့် တီးတိန်မြို့မှ ဖလမ်းမြို့နယ် ရိခေါဒါရ်မြို့သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က အုပ်ချုပ်ရေးရုံး၌ အုပ်ချုပ်ရေးမှူး ဦးဂိုးဆွမ်းခိုင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နယ်စပ်ဒေသ ကုန်သွယ်ရေး၊ ကုန်းမြင့်လယ်ယာ ဖော်ထုတ်စိုက်ပျိုးရေးကိစ္စများကို ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်း၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရိခေါဒါရ်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် လက်ဆောင်ပစ္စည်းများနှင့် မြို့ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရိခေါဒါရ်မြို့ ဖွံ့ဖြိုးတိုးတက်လာမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ရိခေါဒါရ်မြို့ဆေးရုံရှေ့၌ စိုက်ပျိုးထားသည့် လက်ဖက်နှင့် ခြံစည်းရိုးကြက်ဆူစိုက်ခင်းကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရိခေါဒါရ်မြို့ ပြည်သူ့ဆေးရုံကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကြပြီး ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများအား အားပေးစကား ပြောကြားသည်။

ထို့နောက် ရဟတ်ယာဉ်များဖြင့် ဖလမ်းမြို့သို့ရောက်ရှိကြပြီး ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်းရှိ သဇင်ဆောင်၌ ဖလမ်းခရိုင်နှင့် ဖလမ်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ ဖလမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက ဖလမ်းမြို့သို့ နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များရောက်ရှိစဉ် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှာကြားစီစဉ်ပေးခဲ့မှုများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများ၊ မြို့နယ်အတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းမှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍများကို အလေးထားဆောင်ရွက်ရန် လိုအပ်ပုံ၊ စိုက်ပျိုးရေးကဏ္ဍ၌ စပါးနှင့် ပြောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးပြီး ဒေသဝမ်းစာဖူလုံအောင် လုပ်ဆောင်ရန်နှင့် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှု ခိုင်မြဲရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန် အရေးကြီးပုံတို့ကို ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဖလမ်းမြို့နယ်ရှိ အသင်းအဖွဲ့များအတွက် လက်ဆောင်ပစ္စည်းများနှင့် မြို့နယ်အတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

နှုတ်ဆက်အားပေး

တွေ့ဆုံပွဲအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာန သူနာပြုသင်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းအုပ်နှင့် သူနာပြုသင်တန်းသူများအား နှုတ်ဆက်အားပေး၍ (ခုတင်-၁၅၀)ဆံ့ ဖလမ်းခရိုင် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများအား တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာကိစ္စများကို ကျယ်ပြန့်သောအမြင်များဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။

လက်ဖက်ပင် ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ခရိုင်ပြည်သူ့ဆေးရုံနှင့် သူနာပြုသင်တန်းကျောင်းတို့အတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်ပြီး ဆက်လက်၍ ခရိုင်ပြည်သူ့ဆေးရုံရှေ့ ပတ်ဝန်းကျင် တောင်ကုန်းတောင်စောင်းများ၌ စိုက်ပျိုးဖြစ်ထွန်းနေသည့် လက်ဖက်ပင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထန်တလန်မြို့သို့ ရောက်ရှိကြပြီး (၁၆-ခုတင်)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ မြို့နယ်ဆရာဝန်နှင့် ဆရာမများအား တွေ့ဆုံနှုတ်ဆက်မှာကြားပြီး ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်သည်။

ယင်းနောက် ထန်တလန်မြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ခန်းမသို့သွားရောက်၍ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်လေ့ထန်းက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ နွားနောက်အကောင် ၄၇၇၀ ကျော် မွေးမြူထားရှိမှုများ၊ လက်ဖက်ဧက ၁၄၀၀ ကျော် စိုက်ပျိုးထားမှုများ၊ (၁၆-ခုတင်)ဆံ့ မြို့နယ်ဆေးရုံကို (၂၅-ခုတင်)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ရေးကိစ္စများအပါအဝင် မြို့နယ်အတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှာဖွေဖော်ထုတ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ထန်တလန်မြို့အပါအဝင် ချင်းပြည်နယ်ရှိ မြို့များ၌ လျှပ်စစ်မီးရရှိလျက်ရှိသော်လည်း လုံလုံလောက်လောက်ရရှိခြင်းမရှိရာ သက်ဆိုင်ရာ မြို့ပတ်ဝန်းကျင်၌ အသေးစားရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ရန်လိုကြောင်း။

ချင်းပြည်နယ်၏ ရေမြေသဘာဝအနေအထားအရ သာမန်ကြိုးစားမှုဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ မရနိုင်ကြောင်း၊ လေ့လာမှု၊ ကြိုးစားအားထုတ်မှုတို့ကို အခြားဒေသများထက် ပိုမိုအားထည့်ရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရင်း မွေးမြူရေးလုပ်ငန်းကိုလည်း တစ်ပိုင်တစ်နိုင်အဆင့်မှ စီးပွားဖြစ်ထွန်းသည့် အဆင့်အထိ တိုးမြှင့်ကြရန်လိုကြောင်း။

ကြိုးစားဆောင်ရွက်

စီးပွားဖြစ်ထွန်းမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ တည်ငြိမ်အေးချမ်းမှုတို့ဖြင့် ချင်းပြည်နယ်၏ လူနေမှုဘဝအဆင့်အတန်းကို မြင့်သည်ထက် မြင့်မားအောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားပြီး လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအားပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား နှုတ်ဆက်ပြီး ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဟားခါးမြို့မှ ကြိုဆိုကြသည်။

(သတင်းစဉ်)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



ကြည့်ရှုစစ်ဆေး

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော် ဟိုတယ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၊ သင်္ဂဟဟိုတယ်နှင့် မြတ်တော်ဝင်ဟိုတယ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရွှေညော်သည်ဟိုတယ်၊ ရွှေမြန်မာဟိုတယ်၊ ကုမုဒြာဟိုတယ်နှင့် IGE ဟိုတယ် တည်ဆောက်ရေးစီမံကိန်းက တာဝန်ယူတည်ဆောက်လျက်ရှိသည့် အမရဟိုတယ် တည်ဆောက်ရေးစီမံကိန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာမျက်နှာ ၉ ဆောင်းပါးမှ

ယူနီယံ၊ ဖက်ဒရယ်စသည့် ရှေ့ဆက် စာလုံးများသည် ပြည်ထောင်စုဟူသော အနက်ကိုဆောင်သည်ချည်း ဖြစ်သည်။ အိုင်ယာလန်သူပုန်၊ အိုင်ယာလန်ဖိုးအဖွဲ့၊ ဆင်ဖိန်း၊ အိုင်အာရ်အေ (အိုင်ယာလန် လွတ်လပ်ရေးတိုက်ပွဲဝင်အိုင်ယာလန် သမ္မတနိုင်ငံတပ်ဖွဲ့)တို့က ၁၉ရာစု၊ ၂၀ရာစုတို့တွင် အိုင်ယာလန်ကို ဗြိတိသျှတို့အောက်မှ လွတ်မြောက်ရန် တိုက်ပွဲဝင်ခဲ့ကြသည်။ မလွဲသာ၍ တောင်ပိုင်းမှ ၂၅ခရိုင်ပါသော အိုင်ယာလန်ကျွန်းတစ်ပိုင်းကို လွတ်လပ်ရေးပေးခဲ့ပြီး မြောက်ပိုင်းအိုင်ယာလန် (ငါးခရိုင်)ကို ဗြိတိသျှပြည်ထောင်စုအတွင်း ဆက်ထားခဲ့သည်။ မြောက်ပိုင်းအိုင်ယာလန်မှ ဆင်ဖိန်း၊ အိုင်အာရ်အေတို့က လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ရင်း ဗြိတိသျှမီဒီယာတို့၏ အကြမ်းဖက်သမား၊ ဆူပူသူများအဖြစ် ကင်ပွန်းတပ်ခံခဲ့ရသည်။

ဂျာမနီနိုင်ငံသည် ဒုတိယကမ္ဘာစစ်အပြီး အရှေ့ဂျာမနီ(ဆိုရှယ်လစ်) အနောက်ဂျာမနီ(အရင်းရှင်) ဟူ၍ နှစ်နိုင်ငံကွဲခဲ့သည်။ အမေရိကန်-ဗြိတိန်တို့၏ အားထုတ်မှုကြောင့် အရှေ့ဂျာမနီမှ ဆိုရှယ်လစ် အစိုးရပြုတ်ကျကာ အနောက်ဂျာမနီနှင့် ပူးပေါင်းလျက် ဂျာမန်ဖက်ဒရယ်ပြည်ထောင်စုကြီး ပြန်ဖြစ်လာခဲ့သည်။

သို့သော် **ထိုအရင်းရှင်နယ်ချဲ့ ပြည်ထောင်စုကြီးများက မိမိတို့ပြည်ထောင်စုများ မပြိုကွဲအောင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားကြပြီး အဘယ်ကြောင့် အခြားပြည်ထောင်စုများကိုမူ လိုက်လံဖြိုခွဲရန် လုပ်ကြံဖန်တီးနေကြပါသနည်း။ ရှင်းပါသည်။ ကိုလိုနီ ပုံစံဟောင်း၏ သွေးခွဲစိုးမိုးရေးဗျူဟာကို ပြန်လည်ကျင့်သုံးကာ နယ်ချဲ့လမ်းစဉ်ကို ဖုတ်ဖက်ခါ ပြန်လည်အသုံးပြုလိုကြ၍ လက်မလွှတ်ချင်ဘဲ လွှတ်ခဲ့ရ၊ လွတ်လပ်ရေးပေးခဲ့ရသော အဆီတဝင်းဝင်းဖြင့် သယံဇာတကြွယ်ဝသော နိုင်ငံများကို ပြန်လည်ဖြိုခွဲချည့်နဲ့စေပြီးမှ ကျွန်ပြုသွေးစုပ်ရန်ပင်ဖြစ်သည်။**

အမေရိကန်နှင့် ဗြိတိန်တို့က အီရတ်ကိုလက်နက်ဆိုးများ ရှာဖွေဖျက်ဆီးရန်၊ အီရတ်ပြည်သူတို့ လွတ်လပ်စေရန်၊ ဒီမိုကရေစီရစေရန်ဟုဆိုကာ ကျူးကျော်တိုက်ခိုက်ကာ ယင်းနိုင်ငံမှ ရေနံများ အပိုင်စီးထားသည်။ အီရတ်နိုင်ငံကို ကာ့ဒ်လူမျိုးအပိုင်း၊ ဆွန်နီမွတ်စလင်အပိုင်း၊ ရှီးယားမွတ်စလင်အပိုင်းဟူ၍ သုံးပိုင်းခွဲထားလိုက်ပြီး အီရတ်မှအပြစ်မဲ့ပြည်သူများ သောင်းသိန်းချီပြီး သေကြရ၊ အိုးအိမ်များ ပြာကျရ၊ အမှုန့်ဖြစ်ရဖြင့် မွဲပြာကျကုန်ပြီး စစ်ပွဲကလည်း ငါးနှစ်ပြည့်တော့မည်။ အာဖဂန်ကိုလည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲ အမည်ဖြင့် ကျူးကျော်ကာ အမေရိကန် ရေနံကုမ္ပဏီတို့အတွက် ရေနံပိုက်လိုင်းသွယ်တန်းပြီး အာဖဂန်မြောက်ဘက်ကုန်းတွင်းပိတ် ရေနံနိုင်ငံများမှ ရေနံများထုတ်ယူရန် အကွက်ချထားခဲ့သည်။ အာဖဂန်ပြည်သူများ သောင်းချီသေရပြီး စစ်ပွဲကလည်း ခုနစ်နှစ်ကြာနေပြီ။

မြန်မာပြည်ထောင်စုကြီးက မည်သူနဲ့နဲ့မနဲ့၊ မည်သို့မျှ ပြည်ထောင်စုပြိုကွဲမခံ၊ ယနေ့ မြန်မာပြည်ထောင်စုကြီး ငြိမ်းချမ်းကာ ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်နေပြီး ဒီမိုကရေစီလုပ်ငန်းစဉ်များ ခရီးရောက်နေပြီ။ သမိုင်းနှင့်ချီပြီးညီခဲ့သော မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကား ပြည်ထောင်စုကို ကာကွယ်မည့် ရောမခွန်အားပင်ဖြစ်ကြောင်းပါခင်ဗျား။ ။

မြန်မာ့ရုပ်မြင်သံကြား

၇-၂-၂၀၀၈ ရက်

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓမ္မာ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	အကပဒေသာ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၆:၅၀	၅။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၃၀	၆။	**၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
၂၀:၀၀	၇။	ပြည်တွင်းသတင်း
	၈။	နိုင်ငံတကာသတင်းများ
	၉။	မိုးလေဝသအခြေအနေ
	၁၀။	**၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပပုံ ထုတ်လွှင့်မှု အစီအစဉ်**
	၁၁။	နောက်တစ်နေ့အစီအစဉ်
	၁၂။	အစီအစဉ်ပြီး၏။

ငါးထပ်ကွမ်းအကယ်ဒမီ ဒါရိုက်တာမောင်တင်ဦး၏ အကယ်ဒမီခံစားမှု

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ ဓာတ်ပုံ - သိန်းဝင်းလေး(မြန်မာ့အလင်း) စာမျက်နှာပွဲစည်းမှု - ထိန်လင်း

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၆ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီဆုပေးပွဲကို ဖေဖော်ဝါရီ ၇ရက် ညနေ**(ယနေ့)**မှာ နေပြည်တော်မှာကျင်းပတော့မှာ ဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်လောကသားတွေ ရင်ခုန်မျှော်လင့်နေကြသလို မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ရုပ်ရှင်အနုပညာကို ချစ်မြတ်နိုးတဲ့ ပရိသတ်တွေလည်း ဘယ်သူတွေ ဘယ်ဆုရကြမလဲဆိုတာ သိလိုစိတ် ပြင်းပြနေကြချိန် ဖြစ်ပါတယ်။

ဒါကြောင့်မို့ ပရိသတ်ကြီးအတွက် ကြိုတင်မျှဝေခံစားနိုင်အောင် အကယ်ဒမီဆုဆိုတဲ့အပေါ် ဒါရိုက်တာတစ်ဦးရဲ့ အမြင်နဲ့ ခံယူမှုကို သိရှိနိုင်အောင် ငါးထပ်ကွမ်းအကယ်ဒမီ ဒါရိုက်တာမောင်တင်ဦးနဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

"အကယ်ဒမီဆိုတာ ရုပ်ရှင်အနုပညာရှင်တွေအတွက် သူတို့ရဲ့ အနုပညာဂုဏ်ကို မြှင့်တင်ပေးတဲ့ဆု ဖြစ်ပါတယ်"

ငါးထပ်ကွမ်းအကယ်ဒမီ
ဒါရိုက်တာမောင်တင်ဦး

ရတောင့်ရခဲ

အကယ်ဒမီဆုနဲ့ ပတ်သက်ပြီး ဒါရိုက်တာမောင်တင်ဦးရဲ့အမြင်ကို မေးမြန်းတဲ့အခါ **"အကယ်ဒမီဆုဆိုတာ ရုပ်ရှင်အနုပညာရှင်တွေအတွက် အလိုချင်ဆုံးဆုဖြစ်သလို ရတောင့်ရခဲတဲ့ဆုလည်း ဖြစ်ပါတယ်။ အကယ်ဒမီ ရဖို့ဆိုတာ အချိန်၊ ကြိုးစားအားထုတ်မှုနဲ့ အနုပညာ အရည်အသွေးတွေ ရင်းနှီးပြီးမှ ရတတ်ကြတာပါ။ ဒါကြောင့် ရုပ်ရှင်အနုပညာရှင်တွေအတွက် သူတို့ရဲ့ အနုပညာဂုဏ်ကို မြှင့်တင်ပေးတဲ့ဆုလို့ ပြောလို့ရပါတယ်"** လို့ ဒါရိုက်တာ မောင်တင်ဦးက ပြောပြပါတယ်။

ရုပ်ရှင်သရုပ်ဆောင်တွေ၊ ဓာတ်ပို့ ဓာတ်ရံတွေနဲ့ ဒါရိုက်တာတွေရဲ့ အကယ်ဒမီဆုအပေါ် ထားရှိရမယ့် အမြင်ကိုလည်း ဒါရိုက်တာမောင်တင်ဦးက **"ဒါရိုက်တာပဲဖြစ်ဖြစ်၊ သရုပ်ဆောင်ပဲဖြစ်ဖြစ် ဓာတ်ကားတစ်ကားကို ရိုက်တဲ့အခါ အကယ်ဒမီရရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ မရိုက်ကြဖို့တော့ လိုအပ်ပါတယ်။ ငါဒီဓာတ်ကားမှာ အကောင်းဆုံး ဘယ်လိုရိုက်ကူးမယ်၊ ဘယ်လိုသရုပ်ဆောင်မယ်ဆိုတဲ့စိတ်နဲ့ ကြိုးစားအားထုတ်ကြဖို့ လိုအပ်ပါတယ်"** လို့ ရှင်းပြပါတယ်။

ဒါရိုက်တာ

ဓာတ်ကားတစ်ကားကို တာဝန်ယူ ရိုက်ကူးတဲ့ ဒါရိုက်တာတစ်ဦးရဲ့ အနေအထားနဲ့ ပတ်သက်ပြီးလည်း **"ဒါရိုက်တာတွေဟာ ဓာတ်လမ်း၊ ဓာတ်ကောင်၊ စရိုက်၊ ရိုက်ကွင်း၊ ကင်မရာနဲ့ ဖြတ်လျှောက်တွေကအစ အားလုံး ကျွမ်းကျင်နိုင်နင်းနေရမယ်၊ သိထားရမယ်။ ဒီကားတော့ အကယ်ဒမီရရမယ်ဆိုတဲ့စိတ်နဲ့ရိုက်ကူးရင် တချို့နေရာတွေမှာ လိုအပ်တာထက် ပိုနေတတ်သလို၊ တချို့နေရာတွေမှာ မလုပ်သင့်တာတွေ လုပ်မိတတ်ကြလိမ့်မယ်။ ဒါဟာအကယ်ဒမီဆိုတဲ့စိတ်ကြောင့် လုပ်ချင်စိတ် လွန်ကဲမှုတွေက တစ်ဆင့်ဖြစ်ပေါ်လာတဲ့ အမှားတွေပါပဲ"** လို့ ငါးထပ်ကွမ်းအကယ်ဒမီ ဒါရိုက်တာမောင်တင်ဦးက ပြောပြပါတယ်။

ထုတ်လုပ်သူ

ဒါ့အပြင် ဓာတ်ကားတစ်ကား အကယ်ဒမီဆုရရှိတဲ့နေရာမှာ ထုတ်လုပ်သူ အပိုင်းကလည်း အရေးကြီးတဲ့ အခန်းကဏ္ဍက ပါရှိနေမှုကိုလည်း **"ထုတ်လုပ်သူတွေအနေနဲ့ ကိုယ်ထုတ်လုပ်တဲ့ ဓာတ်ကားအပေါ် စိတ်ဝင်စားမှု ရှိရမယ်။ ငွေကြေးရလိုမှုတစ်ခုတည်းကို ဦးတည်တာမျိုး မဟုတ်ဘဲ အနုပညာပံ့ပိုးမှုအားတွေ ထည့်နိုင်ရမယ်။ ဒါရိုက်တာရဲ့ စိတ်ကူးစိတ်သန်းတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ထုတ်လုပ်သူတွေဟာ အတတ်နိုင်ဆုံး လိုက်လျောပေးရမယ်။ နောက်ပြီး အဓိက သရုပ်ဆောင်တွေကအစ ဓာတ်ပို့ဓာတ်ရံနဲ့ ဖြတ်လျှောက်တဲ့လူတွေအထိ ရိုက်ကွင်းမှာ ဘယ်လိုအနှောင့်အယှက်မှ မဝင်နိုင်အောင်လည်း ဝိုင်းဝန်းစီစဉ်ပေးရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ့်ဓာတ်ကားကို အနုပညာ အရည်အသွေး တောက်ပြောင်လာအောင် ပံ့ပိုးပေးနိုင်တဲ့ ရိုက်ကွင်းမန်နေဂျာ ကောင်းကောင်းကိုလည်း ရှာဖွေထားနိုင်ရမယ်"** လို့ ဒါရိုက်တာ မောင်တင်ဦးက ပြောပြပါတယ်။

အကယ်ဒမီရဖို့ဆိုတာ အချိန်၊ ကြိုးစားအားထုတ်မှုနဲ့ အနုပညာ အရည်အသွေးတွေ ရင်းနှီးပြီးမှ ရတတ်ကြတာပါ။

သရုပ်ဆောင်

အကယ်ဒမီဆုကို ပိုင်ဆိုင်ချင်တယ်ဆိုတဲ့ သရုပ်ဆောင်တွေနဲ့ ပတ်သက်တဲ့ အမြင်ကိုလည်း **"ကိုယ်ကျရာ ဓာတ်ရုပ်ကို ပီပီပြင်ပြင်နဲ့ အပိုအလိုမရှိ ကွက်တိ သရုပ်ဆောင်ကြရမှာဖြစ်သလို ကိုယ်ရိုက်ကူးတဲ့ ဓာတ်ကားထဲမှာ စီးမျောလိုက်ပါနိုင်ရမယ်။ ဓာတ်လမ်းကို စလယ်ဆုံး သိနေရမှာဖြစ်သလို ကိုယ့်ဓာတ်ကားမှာပါဝင်တဲ့ ဓာတ်ပို့၊ ဓာတ်ရံတွေရဲ့ အနေအထားကိုလည်း သိနေရမယ်။ ဓာတ်ကားမှာ ဖြတ်လျှောက်တစ်ဦးက လမ်းလျှောက်ရင်း လှည့်ကြည့်လိုက်တဲ့ အမူအယာကအစ သိနေအောင် ကြိုးစားကြရမယ်။ အရေးကြီးတာက ခံစားမှုပါပဲ။ ဓာတ်ဝင်ခန်းတွေမှာ ကိုယ်ပါဝင်သရုပ်ဆောင်တဲ့အခါ အဲဒီဓာတ်ရုပ်မှာ ခံစားမှုအပြည့်ထည့်နိုင်ရမယ်။ ဒါကလည်း ဟန်ချက်ညီတဲ့ ခံစားမှုဖြစ်ဖို့ လိုပါတယ်"**လို့လည်း ရှင်းပြပါတယ်။

ရုပ်ရှင်ဓာတ်ကားတစ်ကားကို အကယ်ဒမီ ရရှိစေတာကတော့ ဓာတ်လမ်း ဓာတ်ညွှန်းပါပဲ။ ဓာတ်လမ်းဓာတ်ညွှန်း အားကောင်းသလို မှတ်တမ်းပိုင်း၊ တည်းဖြတ်မှုအပိုင်းနဲ့ နောက်ခံတေးဂီတ အပိုင်းတွေကလည်း ပံ့ပိုးမှုအပြည့်အဝပေးနိုင်တဲ့အပြင် ဘက်စုံညီညွှတ်ရင်တော့ အဲဒီရုပ်ရှင်ဓာတ်ကားဟာ အကယ်ဒမီရမှာပဲ ဖြစ်ပါတယ်လို့ ငါးထပ်ကွမ်းအကယ်ဒမီ ဒါရိုက်တာမောင်တင်ဦးက စိတ်ရှည်လက်ရှည် ရှင်းပြပါတယ်။

အသက်(၆၆)နှစ်ရှိနေပြီး ငယ်နာမည် ကိုပါလို့ခေါ်တဲ့ ဒါရိုက်တာ မောင်တင်ဦးဟာ ရုပ်ရှင်ဒါရိုက်တာ ရွှမဝဦးကျော်ထံမှာ ရုပ်ရှင်ပညာကို သုံးနှစ်တိတိ စာတွေ့လက်တွေ့ သင်ကြားဆည်းပူးခဲ့သူဖြစ်ပြီး ရုပ်ရှင်ဓာတ်ကား ၃၀ကျော်နဲ့ ဗီဒီယို၊ ဒီဗွီဒီ ၂၀ကျော် ရိုက်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။

ထူးခြားချက်ကတော့ သူပထမဆုံး ဒါရိုက်တာအဖြစ် စတင်ရိုက်ကူးခဲ့တဲ့ **"နေထွက်သောည"**ရုပ်ရှင်ဓာတ်ကားနဲ့ အကယ်ဒမီဆု စတင်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီဓာတ်ကားနဲ့ အကယ်ဒမီဆုရတော့ အံ့သြပြီး သူကိုယ်တိုင် မင်သက်မိသလို ဖြစ်ခဲ့ရတယ်လို့ ပြောပြပါတယ်။ အဲဒီ ပထမဆုံးအကယ်ဒမီဆု ရရှိခဲ့တာက ၁၉၇၂ခုနှစ်ကပါ။

၁၉၇၈ခုနှစ်မှာတော့ **"တစ်ခါကတစ်ဘဝ"** ဓာတ်ကားနဲ့ ဒုတိယမြောက် အကယ်ဒမီဆုရရှိခဲ့သလို အဲဒီဓာတ်ကားဟာ ဓာတ်ပုံဆု၊ အမျိုးသမီးဓာတ်ဆောင်ဆု၊ အမျိုးသား ဓာတ်ပို့ဆုတွေလည်း ချီးမြှင့်ခံခဲ့ရပါတယ်။ ၁၉၈၅ခုနှစ်မှာ **"သကြံန်မိုး"** ဆေးရောင်စုံဓာတ်ကားနဲ့ တတိယအကြိမ် အကယ်ဒမီဆု ရရှိခဲ့ပြီး အဲဒီဓာတ်ကားဟာ ဓာတ်ကားဆုကော ဓာတ်ပုံဆုပါ အကယ်ဒမီတွေရရှိအောင် ကြိုးစားပေးနိုင်ခဲ့ပါတယ်။ အဲဒီ**"သကြံန်မိုး"**ရုပ်ရှင်ဓာတ်ကားဟာ မန္တလေးမှာ ရိုက်ကူးဖို့ ပြင်ဆင်တာ ခြောက်လကြာခဲ့သလို ရိုက်ကူးတာလည်း နှစ်လခန့် ကြာမြင့်ခဲ့တယ်လို့ ဆိုပါတယ်။

ဒါရိုက်တာ မောင်တင်ဦးရဲ့ စတုတ္ထမြောက် အကယ်ဒမီဆုရတဲ့ ဓာတ်ကားကတော့ ၁၉၉၅ခုနှစ်မှာ **"တိုက်ပွဲခေါ်သံ"** ရုပ်ရှင်ဓာတ်ကား ဖြစ်ပြီး အဲဒီကားမှာ ဒါရိုက်တာဆု၊ ဓာတ်ကားဆု၊ ဓာတ်ညွှန်းဆု၊ တေးဂီတဆု၊ အမျိုးသားဓာတ်ပို့ဆုနဲ့ အမျိုးသမီး ဓာတ်ပို့ဆုတွေရအောင် ဒါရိုက်တာ အကယ်ဒမီမောင်တင်ဦး စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။

၂၀၀၁ ခုနှစ်မှာ **"နှလုံးလှလူမိုက်"** ဆေးရောင်စုံ ရုပ်ရှင်ဓာတ်ကားနဲ့ ဒါရိုက်တာဆု၊ ဓာတ်ကားဆု၊ အမျိုးသား ဓာတ်ဆောင်ဆု၊ အမျိုးသား ဓာတ်ပို့ဆု၊ အမျိုးသမီးဓာတ်ပို့ဆုတွေရအောင် ကြိုးစားပေးနိုင်ခဲ့လို့ သူကိုယ်တိုင်လည်း ငါးထပ်ကွမ်း အကယ်ဒမီ ဒါရိုက်တာတစ်ဦး ဖြစ်လာပါတယ်။

ဒါကြောင့် မကြာမီမှာ ၂၀၀၆ခုနှစ် ရုပ်ရှင်အကယ်ဒမီဆု ချီးမြှင့်ပွဲမှာ အကယ်ဒမီဆုတွေအပေါ် ထင်မြင်ချက်မေးမြန်းတဲ့အခါ **"ရုပ်ရှင်ဓာတ်ကားတိုင်းဟာ ဒါရိုက်တာရော သရုပ်ဆောင်တွေပါ တတ်စွမ်းသမျှ ကြိုးစားထားကြတာမို့ ခန့်မှန်းရခက်ပါတယ်။ အကယ်ဒမီဆိုတာ ကြိုတင်မျှော်မှန်းထားသလိုလည်း ဖြစ်ချင်မှဖြစ်တာမို့ ရင်ခုန်စရာတော့ ကောင်းပါတယ်။ အနုပညာ အရည်အသွေးမြင့်မားတဲ့ ဒါရိုက်တာနဲ့ သရုပ်ဆောင်တွေအတွက် ထိုက်တန်တဲ့ အကယ်ဒမီဆုတွေ ရရှိသွားကြမှာပါ"** လို့ ငါးထပ်ကွမ်း အကယ်ဒမီပိုင်ရှင် ဒါရိုက်တာ မောင်တင်ဦးက ဖွင့်ဟပြောကြားသွားခဲ့ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း လိုတို ရှင်း သတင်းများ

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက် ဆောက်လုပ်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ဒေါ်အေးမိ မိသားစု ဖဆပလမင်္ဂလာတောင်ညွန့်မြို့နယ်က ငွေကျပ်ငါးသိန်း၊ ဦးကျော်လှိုင်-ဒေါ်ရီရီဝင်း မိသားစု အနောက်ရွှေဂုံတိုင် ဗဟန်းမြို့နယ်က ငွေကျပ်ငါးသိန်း၊ ဦးအောင်မော်ဦး-ဒေါ်မြကြာဖြူမိသားစု ရွှေတောင်ကြားလမ်း ဗဟန်းမြို့နယ်က ငွေကျပ်ငါးသိန်း၊ အဘွားဒေါ်စိန်အေးမိသားစု လှိုင်မြို့နယ်က ငွေကျပ်ငါးသိန်း၊ မိဘနှစ်ပါးအား အမှူးထား၍ ဦးလှအောင် ဗိုလ်တထောင်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဒေါ်ကျင်ရီမိသားစု ကွင်းကောက် အင်္ဂပူမြို့နယ်က ငွေကျပ် ၂၁၁၁၁၀၊ ဒေါ်ညွှန့်ညွှန့်သန်း ကြည့်မြင်တိုင်မြို့နယ်က ငွေကျပ်တစ်သိန်း အသီးသီးလှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်နိုင်ရန် စိတ်ဝင်စားသောအလှူရှင်များ ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပန်းမော်မြို့ ဗလမင်းထင်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ

အကြိမ်(၂၀)မြောက် ဗလမင်းထင်ဖလား အပျော်တမ်း ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၆ရက် နံနက်၇နာရီက ဗန်းမော်မြို့ ဗလမင်းထင်ဂေါက်ကွင်း၌ ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ခင်မောင်မော်က ဂေါက်သီးရိုက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ဆက်လက်၍ ပြိုင်ပွဲဝင်အသင်း ၂၁သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် အကြိမ်(၂၀) မြောက် ဗလမင်းထင်ဖလား အပျော်တမ်း ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့(၁၈)ကျင်းပြိုင်ပွဲကို စတင်ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

သီပေါမြို့နယ်၌ ဆွမ်းဆန်စိမ်းလောင်းလှူ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သာသနာရေးဦးစီးဌာနတို့က ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိ သံဃာတော်အရှင်သူမြတ်များ လစဉ်လပြည့်နေ့တိုင်း ဆွမ်းဆန်တော်လောင်းလှူရေးအစီအစဉ်အရ ဇန်နဝါရီ၂၂ရက် (ပြာသိုလပြည့်နေ့)က မြို့လယ်ဓမ္မာရုံ ဆွမ်းလောင်းမဏ္ဍပ်မှစ၍ မိုင်းပွန်လမ်းတစ်လျှောက် ကျင်းပကြသည်။ (မြို့နယ်ပြန်/ဆက်)

အလုံမြို့နယ် အလက(၃) ကြက်တောင်ရိုက်သင်တန်းဆင်း

အလုံမြို့နယ် အားကစားနှင့် ကာယပညာကော်မတီနှင့် အလုံမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ကျောင်းတွင်း ကြက်တောင်ရိုက် သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်းသဇင်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရီနှင့် အလုံမြို့နယ် အားကစားမှူး ဒေါ်နန်းအေးမိစံတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ပြိုင်ပွဲတွင်ဆုရရှိကြသူများအား ဆုပေးအပ်ချီးမြှင့်ကာ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။ **(မြန်မာ့အလင်း)**

စာဆိုတော်နေ့ အထိမ်းအမှတ် ရွှေဘိုမြို့နယ်၌ ဟောပြော

ရွှေဘိုမြို့နယ် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာ လယ်တွင်းသားစောချစ်နှင့် ချစ်နိုင်(စိတ်ပညာ)တို့သည် ဇန်နဝါရီ ၁၄ရက် ည၇နာရီတွင် ရွှေဘိုမြို့နယ် ဆိပ်ခွန်စံပြကျေးရွာ ရုပ်ရှင်ရုံတွင်လည်းကောင်း၊ ဇန်နဝါရီ၁၅ရက် မွန်းတည့် ၁၂နာရီက ကျောက်မြောင်းစံပြကျေးရွာ ရွာလယ်ဓမ္မာရုံတွင်လည်းကောင်း စာပေဟောပြောကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

တီးတိန်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

တီးတိန်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) နံနက် ၁၁ နာရီတွင် အမှတ် ၈၁ ဓမ္မာရုံလမ်း မြေနီကုန်းရှိ Faith Bible Theological Seminary၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ကျောက်မဲမြို့နယ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်၏ ပထမအကြိမ် စုပေါင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၂၁ ရက်က ကျင်းပရာ ကျောင်းပေါင်း ၂၈ ကျောင်းမှ သံဃာအပါး၃၀၀တို့အား ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် ပြည်သူများက ငွေကျပ် ၂၅၆၃၅၀ တန်ဖိုးရှိ ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။ (က-ပ)

ကျောက်ပန်းတောင်း ရွာမကျေးရွာ ပညာရေးစုံညီပွဲတော်

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ရွာမကျေးရွာ ပညာရေးမိသားစု၏ ၂၀၀၇-၂၀၀၈ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ၅ရက်က ဒဝါးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုများချီးမြှင့်ကာ ကျောင်းအလိုက် အကပဒေသာများ၊ ပညာပေးဓာတ်လမ်းများဖြင့် အလှည့်ကျ ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးမောက်မြို့ အောင်ချက်ကောင်းရေး စေတနာညစာကျက်ဝိုင်း

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အထက(ယာယီကျောင်းအုပ်)ဒေါ်စန်းစန်း ဦးဆောင်၍ ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် စေတနာညစာကျက်ဝိုင်းကို ဇန်နဝါရီ၁၄ရက်မှ စာမေးပွဲဖြေဆိုပြီးသည်အထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင် မြိုင်ကြီးကျေးရွာ စာဖတ်ပွဲတော်

ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင် ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၁၇ ရက် နံနက် ၁၁ နာရီက ပြင်ဦးလွင်မြို့နယ် မြိုင်ကြီးကျေးရွာသို့ သွားရောက်ပြီး စာဖတ်ပွဲတော်ကျင်းပကာ ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များနှင့် သတင်းစာများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

✳ ကျောဖုံးမှ

ခြေလက်အင်္ဂါများ ပြန်လည်အသုံးချနိုင်ရန် ပြန်လည်ပြုပြင်ထူထောင်ပေးခြင်း၊ ပိုမိုဆိုးရွားမလာစေရန် လူနာများမိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်သော အသိပညာပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ သင့်လျော်သော အသက်မွေးဝမ်းကျောင်းမှုအတတ်ပညာများ ရွေးချယ်သင်ကြားပေးခြင်းစသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တစ်ဆင့်ပြီး တစ်ဆင့် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၇ခုနှစ်အတွင်း ပြည်နယ်/တိုင်း ရှစ်ခုတွင်ရှိသည့် မြို့နယ် ၂၀မှာ တိုးချဲ့ ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍ တစ်နှစ်လျှင် မြို့နယ် ၂၀တွင် တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း။

ရောဂါခံစားခဲ့ရသူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခက်အခဲများကို နည်းနိုင်သမျှ နည်းသွားအောင် ဝိုင်းဝန်းကူညီစောင့်ရှောက်နိုင်ရန် သင့်တော်သည့်အစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အရေးကြီး

ဤနေရာတွင် အလျဉ်းသင့်၍ ကျန်းမာရေးကဏ္ဍ ကိန်းဂဏန်းများ၏ အရေးကြီးပုံကို ပြောပြလိုကြောင်း၊ မကြာခင်က UNICEF ၏ State of the World Children အစီရင်ခံစာ ထုတ်ပြန်ရာတွင် ၂၀၀၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ငါးနှစ်အောက်ကလေးသေနှုန်းသည် ကလေးအရှင်မွေး ၁၀၀၀ တွင် ၁၀၄ဦးနှုန်း ရှိသည်ဟု ဖော်ပြထားပြီး အာရှဒေသအတွင်း အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် မြန်မာနိုင်ငံသည် ငါးနှစ်အောက် ကလေးသေနှုန်း ဒုတိယ လိုက်နေသည်ဟု မြန်မာနိုင်ငံ UNICEF မှ Health and Nutrition Section Chief ဖြစ်သည့် Dr.Osamu Kunii က ပြောဆိုသည့်အကြောင်းကို ကမ္ဘာ့သတင်းစာအချို့၌ ပါရှိလာကြောင်း။

လွဲမှားဖော်ပြ

ယင်းကိစ္စနှင့်ပတ်သက်ပြီး Dr. Osamu Kunii က UNICEF မှ ထုတ်ပြန်ခဲ့သည့် Annual Report နှင့်ပတ်သက်ပြီး သတင်းစာအချို့က လွဲမှားဖော်ပြခဲ့ရုံမက ၎င်းကိုယ်တိုင် မပြောခဲ့သည့် စကားများကို သတင်းဌာနအချို့က ကိုးကားဖော်ပြခဲ့သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ထိပါးစေမှုများ ဖြစ်သွားပါက စိတ်မကောင်း ဖြစ်ရပါကြောင်းကို တောင်းပန်စာ ပေးပို့လာကြောင်း။

အမှန်တကယ်တွင် ၂၀၀၇ခုနှစ်အတွက် UNICEF နှင့် WHO (SEARO) တို့က ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများ အတော်ကွာခြားနေသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံ၏ ငါးနှစ်အောက် ကလေးသေနှုန်းမှာ UNICEFစာရင်း၌ အရှင်မွေးကလေးတစ်ထောင်လျှင် ၁၀၄ဦး ဖြစ်နေသော်လည်း WHO(SEARO) စာရင်း၌ ၆၆ ဒသမ ၁ ဦးသာ ဖြစ်ကြောင်း။

အရှေ့တီမောနိုင်ငံ (Timor-Leste) မှာ UNICEF ၏ ထုတ်ပြန်ချက်၌ ငါးနှစ်အောက် သေဆုံးမှုနှုန်းမှာ အရှင်မွေးတစ်ထောင်မှာ ၅၅ဦးဟု ဖော်ပြခဲ့ပြီး WHO(SEARO)၏ ကိန်းဂဏန်း၌ ၁၃၀ရှိသည်ဟု ဖော်ပြထားကြောင်း၊ ၎င်းတို့ကို ကြည့်လျှင် UNအဖွဲ့အစည်းတစ်ခုနှင့်တစ်ခု ကိန်းဂဏန်းတူညီမှုမရှိသည်ကို တွေ့ရှိနိုင်မှာဖြစ်ကြောင်း။

ဆက်လက်ပူးပေါင်း

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ရှိသမျှအင်အားနှင့် အစွမ်းကုန်ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ပြီး UNICEF, WHOစသည့် UNအဖွဲ့အစည်းများ၊ INGOအဖွဲ့အစည်းများ၊ ပြည်တွင်းအင်အားစုဖြစ်သည့် NGO အဖွဲ့အစည်းများနှင့် ရင်းရင်းနှီးနှီး ထိထိရောက်ရောက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပါဝင်ဆောင်ရွက်

ပြည်သူတစ်ရပ်လုံး၏ အကူအညီနှင့် အနာကြီး ရောဂါကင်းဝေးရေး ရည်မှန်းချက် အောင်မြင်မှုများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားရန်နှင့် လူနာနှင့်မိသားစုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက်အနာကြီးရောဂါကင်းဝေးရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ အထက်တန်းအဆင့်ပြိုင်ပွဲ၌ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဝန်ကြီး ဒေါက်တာကျော်မြင့်က လည်းကောင်း၊ အလယ်တန်းအဆင့် ပြိုင်ပွဲ၌ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အနာကြီးရောဂါကင်းဝေးရေး အသိပညာပေး ဗီဒီယိုဇာတ်လမ်းကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တက်ရောက်လာကြသူများက အနာကြီးရောဂါကင်းဝေးရေးနှင့် လူနာများအား ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေး ပြန်လည်ထူထောင်ရေးဆိုင်ရာပြခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယပိုင်းအစီအစဉ်အဖြစ် အနာကြီးရောဂါကင်းဝေးရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲ စာစစ်ဌာနများကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဌာနစုမှူး(၂) တတိယအတွင်းဝန်လစ်လပ်ရာထူးနေရာများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲများ ကျင်းပသည့် နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၅)နှင့် (၆)၊ နေပြည်တော်ပျဉ်းမနား အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)နှင့် (၂)တို့ရှိ စာစစ်ဌာနများသို့ ဖေဖော်ဝါရီ ၂ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါအရည်အချင်းစစ် ရေးဖြေစာမေးပွဲကို စာစစ်ဌာနလေးခုတွင် လျှောက်လွှာရှင် ၁၅၁၆ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

(သတင်းစဉ်)

အထက(၃)သာကေတ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း သာကေတမြို့နယ် အထက(၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း သီရိရတနာခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားခြင်းခံထားရသော ဆရာ ဆရာမကြီးများ ပူဇော်ပွဲသို့ ကြွရောက်ကြရန်နှင့် ငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးတင်မြင့် ဖုန်း-၂၄၅၆၁၅၊ ဒေါ်ခြေခြေရှိန်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အင်အားပြင်းလေဆင်နှာမောင်းတိုက်ခတ်မှု အမေရိကန်၌ ၄၈ ဦး သေဆုံး

အမေရိကန်နိုင်ငံတောင်ပိုင်းပြည်နယ်လေးခုသို့ ဖေဖော်ဝါရီ ၆ရက်က အင်အားပြင်း လေဆင်နှာမောင်းများ ဝင်ရောက်တိုက်ခတ်ခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ၂နာရီ အထိ ၄၈ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် မိုးလေဝသနှင့်ဇလဗေဒအရာရှိများက ပြောကြားသည်။

မီးလောင်ပျက်စီး

လေဆင်နှာမောင်းများ တိုက်ခတ်မှုဒဏ်ခံရသော ပြည်နယ်များမှာ အာကင်ဆက်စ်၊ မစ္စစ္စပီ၊ တန်နက်စီနှင့် ကင်တပ်ကီပြည်နယ်များဖြစ်သည်။ တန်နက်စီပြည်နယ်၌ မုန်တိုင်းဒဏ်ကြောင့် သဘာဝဓာတ်ငွေ့တူးစင်တစ်ခု မီးလောင်ပျက်စီးခဲ့သည်။

ပြောကြား

ယင်းပြည်နယ်လေးခုသို့ တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းမှာ ခြောက်ခုကျော်ရှိပြီး တစ်နာရီလျှင် ကီလိုမီတာ၁၆၀ ခန့်နှုန်းဖြင့် တိုက်ခတ်ခဲ့သဖြင့် အာကင်ဆက်စ်ပြည်နယ်၌ ၁၃ဦး၊ တန်နက်စီပြည်နယ်၌ ၂၄ဦးနှင့် ကင်တပ်ကီ ပြည်နယ်တွင် ခုနစ်ဦးနှင့် အခြားနေရာများ၌ လေးဦးသေဆုံးခဲ့ကြောင်း အမေရိကန်မိုးလေဝသနှင့် ဇလဗေဒအရာရှိများက ပြောကြားသည်။

ဆောင်ရွက်

လေဆင်နှာမောင်းဒဏ်ခံရသော ပြည်နယ်လေးခု၌ လျှပ်စစ်ကြိုးများ ပြတ်တောက်ကာ နေအိမ်များပျက်စီးမှုများပြားသဖြင့် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အင်တာနက် နောက်ဆုံးအားကစားသတင်းများ

ဂါနာအသင်းခေါင်းဆောင် ဗိုလ်လုပွဲ၌ပါဝင်ဖွယ်ရှိ

ပွဲပယ်ပြစ်ဒဏ်ခံနေရသော ဂါနာ အသင်းခေါင်းဆောင် ဂျွန်မင်ဆတ်သည် အာဖရိကဖလား နောက်ဆုံးဗိုလ်လုပွဲသို့ ဂါနာအသင်းတက်ရောက်ခဲ့လျှင် ပါဝင်ကစားခွင့်ပြုရန် အာဖရိကဘောလုံးအဖွဲ့ချုပ်က ဆွေးနွေးလျက်ရှိသည်။

ဂါနာအသင်းခေါင်းဆောင် ဂျွန်မင်ဆတ်သည် ကွာတားဖိုင်နယ်အဖြစ် နိုင်ဂျီးရီးယားနှင့်ကစားသောပွဲ၌ အနီကတ်ပြ အထုတ်ခံခဲ့ရသဖြင့် နှစ်ပွဲပယ် ပြစ်ဒဏ်ခံနေရသည်။ ဂါနာသည် ဖေဖော်ဝါရီ ၇ ရက်တွင် အကြိုဗိုလ်လုပွဲအဖြစ် ကင်မရွန်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

အိုင်ဗရီကို့စ်ကို အနိုင်ကစားမည်ဟု မိုရာဝပ်ဒ်ပြောကြား

အီဂျစ်အသင်းသည် အကြိုဗိုလ်လုပွဲ၌ အိုင်ဗရီကို့စ်အသင်းကို အနိုင်ကစားပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း အီဂျစ်ကွင်းလယ်ကစားသမား ဆာယတ်မိုရာဝပ်ဒ်က ပြောကြားလိုက်သည်။

အာဖရိကဖလားလက်ရှိချန်ပီယံ အီဂျစ်သည် အိုင်ဗရီကို့စ်အသင်းကို သမိုင်းတွင် နိုင်ပွဲအများအပြား ရရှိအောင် ကစားနိုင်ခဲ့သည့်မှတ်တမ်းများရှိကြောင်း၊ အိုင်ဗရီကို့စ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း မိမိတို့ အနိုင်ရမည်သာဖြစ်ကြောင်း ဆာယတ်မိုရာဝပ်ဒ်က ပြောကြားသည်။

ပို့စ်မောက်တိုက်စစ်မှူးဘင်ဂျာနီ မန်စီးတီးသို့ပြောင်းရွှေ့

ဇင်ဘာဘွေနှင့် ပို့စ်မောက်တိုက်စစ်မှူး ဘင်ဂျာနီသည် ပို့စ်မောက်မှ မန်စီးတီးသို့ပြောင်းရွှေ့မှုကိစ္စဆွေးနွေးမှုများ ပြီးဆုံးသွားပြီဖြစ်သည်။

ဘင်ဂျာနီပြောင်းရွှေ့မှုအတွက် မန်စီးတီးက ပေါင်ငွေ ၃ ဒသမ ၈၇ သန်း ပေးခဲ့ရကြောင်း၊ အသက် ၂၉ နှစ်အရွယ်ရှိ ဘင်ဂျာနီကို မန်စီးတီးက နှစ်နှစ်ခွဲစာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲ၌ ဘက်ခမ်းကိုပြန်ခေါ်မည်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် လာမည့်စက်တင်ဘာ ၆ ရက်၌ အင်ဒိုရာနှင့်ကစားမည့်ပွဲတွင် အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းကို ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း အင်္ဂလန်နည်းပြ ကာပယ်လိုက ပြောကြားလိုက်သည်။

ဆွစ်ဇာလန်နှင့်ကစားသည့် ချစ်ကြည်ရေးပွဲ၌ အင်္ဂလန်အသင်းအတွက် မခေါ်ခဲ့ခြင်းမှာ ဒေးဗစ်ဘက်ခမ်းသည် ကြံ့ခိုင်မှုမပြည့်ဝခြင်းကြောင့်သာ ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဘာကာသို့ အာဆင်နယ်မှ ဟဲဘ်ပြောင်းရွှေ့မည်မဟုတ်

စပိန်ကလပ် ဘာစီလိုနာသင်းကခေါ်ယူရန်ကြိုးစားနေသည့် အာဆင်နယ် ကွင်းလယ်ကစားသမား အလက်ဟဲဘ်က မိမိသည် အာဆင်နယ်၌သာ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်၌ အာဆင်နယ်ကစားသမား အလက်ဟဲဘ်ကို ဘာစီလိုနာတို့ကခေါ်ယူရေး ကြိုးစားခဲ့သော်လည်း အာဆင်နယ်နှင့် သဘောတူညီမှုမရခဲ့သလို အလက်ဟဲဘ်ကလည်း ပြောင်းရွှေ့ရန် ဆန္ဒမရှိကြောင်း ပြောကြားသည်။

ရာသီကုန်၌ ဒရော့ဘာ ရီးရဲ သို့မဟုတ် အေစီသို့ပြောင်းမည်

အိုင်ဗရီကို့စ်နှင့် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာက မိမိသည် ချယ်လ်ဆီးအသင်းမှ ယခုနှစ်ဘောလုံးရာသီအကုန်၌ ထွက်ခွာတော့မည်ဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ချယ်လ်ဆီးမှထွက်ခွာလျှင် ရီးရဲမက်ဒရစ် သို့မဟုတ် အေစီမီလန်အသင်း နှစ်သင်းအနက် တစ်သင်းသို့ ပြောင်းရွှေ့ကစားမည်ဟုလည်း ၎င်းက ပြောကြားသည်။

မြူးနစ်လေယာဉ်ပျက်ကျမှု နှစ်(၅၀)ပြည့်အထိမ်းအမှတ်ပြုလုပ်

မြူးနစ်မြို့လေယာဉ်ပျက်ကျမှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် လန်ဒန်မြို့ ဝင်ဘလေကွင်း၌ ဖေဖော်ဝါရီ ၆ရက်က အင်္ဂလန်နှင့် ဆွစ်ဇာလန်အသင်းတို့ ချစ်ကြည်ရေးပွဲ မကစားမီ နှစ်ဖက်ဘောလုံးသမားများက ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ကြာ မတ်တတ်ရပ် ငြိမ်သက်စွာ ဂါရဝပြုခဲ့ကြသည်။

လွန်ခဲ့သည့် ၁၉၅၈ခုနှစ် ဖေဖော်ဝါရီ ၆ရက်က မန်ယူကစားသမားများပါဝင်သည့် အင်္ဂလန်အသင်း ဂျာမနီသို့ ဘောလုံးကစားရန်အသွား မြူးနစ်မြို့၌ လေယာဉ်ပျက်ကျပြီး အင်္ဂလန်ဘောလုံးသမား ၂၃ ဦး သေဆုံးခဲ့ရသည်။

ဆာဟာအား သက်တမ်းတိုးရန် မန်ယူစဉ်းစားနေ

မန်ယူအသင်းတာဝန်ရှိသူများသည် တိုက်စစ်မှူးလူးဝစ်ဆာဟာအား စာချုပ် သက်တမ်းတိုးရန် သင့်၊ မသင့်စဉ်းစားနေကြောင်း မန်ယူကလပ်က ပြောကြားသည်။

ဆာဟာ၏စာချုပ်သက်တမ်းပြည့်တော့မည်ဖြစ်ရာ မန်ယူတာဝန်ရှိသူအချို့က ဆာဟာအနေဖြင့်အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် လိုလားလျက်ရှိသည်။

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ သင်္ချာ

တက္ကသိုလ်ဝင် သင်္ချာသင်ရိုးမှာ ပါရှိတဲ့အကြောင်းအရာများအနက် ကျောင်းသား၊ ကျောင်းသူများ သိသင့် သိအပ်တဲ့ အချက်အလက်အချို့ကို စာမေးပွဲ အထောက်အကူပြုအဖြစ် ဒီကနေ့ ပို့ချသွားမှာဖြစ်ပါတယ်။ ပထမဆုံး Chapter 1 Function များအကြောင်း ရှင်းပြပါမယ်။

ဒီအခန်းမှာ ဦးစွာပထမ အခြေခံသဘောတရားတွေဖြစ်တဲ့ Function တစ်ခုရဲ့အဓိပ္ပာယ်၊ Function တစ်ခုရဲ့ domain, codomain နဲ့ range တို့ရဲ့အဓိပ္ပာယ်၊ domain ထဲက element တစ်ခုရဲ့ image စသည်တို့ရဲ့ အဓိပ္ပာယ်များကို ကောင်းစွာ နားလည် မှတ်မိနေဖို့လိုပါတယ်။ ဒီအခြေခံအချက်အလက်တွေ ပြီးရင် သိရမယ့် သဘောတရားတစ်ခုကတော့ Function များ ပေါင်းစပ်ခြင်း (Composition of Functions) ပဲဖြစ်ပါတယ်။

Function နှစ်ခုရယ် ၎င်းတို့ရဲ့ Composite function ရယ် စုစုပေါင်း function သုံးခုရှိတဲ့အနက် ကြိုက်ရာ function နှစ်ခု ပေးထားပြီး ကျန်တစ်ခုရှာခိုင်းတဲ့ ပုစ္ဆာမျိုးတွေကို လေ့လာထား သင့်ပါတယ်။ Composite function တွေပါဝင်တဲ့ ပုစ္ဆာတွေ ဖြေရှင်းရာမှာ bracket များရဲ့ အထားအသို မှန်ကန်တိကျဖို့လည်း ဂရုစိုက်ရပါမယ်။

ဒီအခန်းမှာ နောက်သိရမယ့် သဘောတရားတစ်ခုက inverse function အကြောင်းပဲ ဖြစ်ပါတယ်။ Function တစ်ခု f နဲ့ သူ့ရဲ့ ပြောင်းပြန် Function f^{-1} ရဲ့ formula နှစ်ခုအနက် တစ်ခုကိုပေးထားတဲ့အခါ ကျန်တဲ့တစ်ခုရဲ့ formula ရှာတတ်အောင် လေ့ကျင့်ထားသင့်ပါတယ်။ f^{-1} သင်္ကေတနဲ့ Chapter 12 Calculus အခန်းမှာပါတဲ့ function တစ်ခု f ရဲ့ derivative သင်္ကေတ f ' နဲ့ မှားယွင်း မသုံးမိဖို့လည်း သတိထားရပါမယ်။ ဒီအခန်းမှာ binary operation ရဲ့အဓိပ္ပာယ်နဲ့ binary operation ဟုတ်မဟုတ် ဆန်းစစ်နည်းများကိုလည်း သိထားသင့်ပါတယ်။

ယခုဆက်လက်ပြီး Chapter 2 The Remainder Theorem and The Factor Theorem အကြောင်းနဲ့ ပတ်သက်လို့ ရှင်းပြပါမယ်။ ဒီအခန်းမှာ ဦးစွာပထမ polynomial တစ်ခုရဲ့ အဓိပ္ပာယ်နဲ့ remainder theorem တို့ သိရှိဖို့ လိုအပ်ပါတယ်။ polynomial တစ်ခု f(x) ပေးထားပြီး လိုအပ်တဲ့အကြွင်းတွေ ရှာခိုင်းရင် ရှာတတ်ဖို့လိုသလို polynomial တစ်ခု f(x) နဲ့ အကြွင်းတွေ ပေးထားပြီး polynomial ထဲက မသိသေးတဲ့ မြှောက်ဖော်ကိန်းတွေ တွက်ထုတ်တတ်အောင်လည်း လေ့ကျင့်ထားသင့်ပါတယ်။ ဒီအခန်းမှာ သိရမယ့် နောက်သီအိုရမ်တစ်ခုကတော့ factor theorem ပဲ ဖြစ်ပါတယ်။ factor theorem ကိုသုံးပြီး polynomial တစ်ခု ပေးထားတဲ့အခါ သူ့ရဲ့ factor တွေရှာတတ်အောင်၊ polynomial equation တစ်ခုကို ဖြေရှင်းတတ်အောင်၊ polynomial တစ်ခုရဲ့ factor အချို့ ပေးထားပြီး polynomial ထဲမှာပါနေတဲ့ မသိသေးတဲ့ coefficient များ ရှာတတ်အောင်လည်း လေ့ကျင့်ထားသင့်ပါတယ်။

ယခုဆက်လက်ပြီး Chapter 3 The Binomial Theorem နဲ့ သက်ဆိုင်တဲ့ အချက်တွေကို ရှင်းပြပါမယ်။ ဒီအခန်းမှာ $(x+y)^n$ binomial တစ်ခုကို အကျယ်ဖြန့်ရင် ရရှိမယ့် အဖြေကိုပေးတဲ့ binomial theorem ကို နားလည်မှတ်မိနေဖို့ လိုပါတယ်။ အဲဒီအကျယ်ဖြန့်ခြင်းမှာ ပါဝင်တဲ့ ကိန်းလုံးအရေအတွက်နဲ့ ယေဘုယျကိန်းလုံးဖြစ်တဲ့ (r+1) အကြိမ်မြောက် ကိန်းလုံးရဲ့ ပုံသေနည်းကိုလည်း သိထားရပါမယ်။ Binomial တစ်ခုပေးထားရင် သူ့ကိုအကျယ်ဖြန့်တတ်အောင်နဲ့ လိုအပ်တဲ့ ကိန်းလုံးတစ်လုံးကို ရှာတတ်အောင် လေ့ကျင့်ထားသင့်ပါတယ်။ Binomial ပုစ္ဆာများဖြေရှင်းရာမှာ ပုစ္ဆာက 4^{th} term ကိုမေးခဲ့ရင် $(r+1)^{th}$ term မှာ r နေရာမှာ 4 မထည့်ဘဲ 3 ထည့်မှ 4^{th} term ကိုရမှာ ဖြစ်တယ်ဆိုတာကို သတိပြုဖို့ လိုပါတယ်။

ယခုဆက်လက်ပြီး Chapter 4 Inequation များအကြောင်း ရှင်းပြပါမယ်။ ဒီအခန်းနဲ့ ပတ်သက်လို့ကတော့ ပေးထားတဲ့ Quadratic Inequation တစ်ခုရဲ့ solution set ကို algebraic method နဲ့ graphical method များကို အသုံးပြုပြီး တွက်ထုတ်တတ်အောင် လေ့ကျင့်ထားရပါမယ်။ algebraic method ကိုသုံးရင် and နဲ့ or တို့ကို သူ့နေရာနဲ့သူ မှန်ကန်စွာ အသုံးချတတ်ဖို့ လိုအပ်ပါတယ်။ graphical method ကို အသုံးပြုတဲ့အခါမှာလည်း quadratic expression ဖြစ်တဲ့ $ax^2 + bx + c$ ကို y နဲ့ ညီတယ်လို့ဦးစွာထားပြီးမှ အဲဒီညီမျှခြင်းရဲ့ graph ကို ဆွဲရမယ်ဆိုတာ သတိပြုရပါမယ်။ မေးခွန်းက graphical method နဲ့ တွက်ခိုင်းရင် graphical method နဲ့ တွက်မှ အမှတ်ရမှာဖြစ်သလို algebraic method နဲ့ တွက်ခိုင်းရင် algebraic method နဲ့ တွက်မှ အမှတ်ရမယ်ဆိုတဲ့ အချက်ကို အထူးသတိပြုဖို့ လိုပါတယ်။ ဘယ်နည်းနဲ့ တွက်ပါလို့ ပုစ္ဆာမှာ ပြောမထားရင်တော့ မိမိတို့ကြိုက်နှစ်သက်တဲ့ နည်းနဲ့ တွက်နိုင်ပါတယ်။

ယခုဆက်လက်ပြီး Chapter 5 Sequences and Series အကြောင်း ရှင်းပြပါမယ်။ ဒီအခန်းမှာ A.P ကိန်းစဉ်နဲ့ G.P ကိန်းစဉ်များရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်များကို နားလည်မှတ်မိနေဖို့ ဦးစွာလိုအပ်ပါတယ်။ အဲဒီနောက် A.P ကိန်းစဉ်တစ်ခုရဲ့ n ကြိမ်မြောက်ကိန်းလုံး U_n ကိုပေးတဲ့ ပုံသေနည်းနဲ့ ရှေ့ဆုံးကိန်း n ခုရဲ့ ပေါင်းလဒ် S_n ကိုပေးတဲ့ ပုံသေနည်းများကို နားလည်မှတ်မိနေဖို့ လိုပါတယ်။

အလားတူစွာ G.P ကိန်းစဉ်တစ်ခုရဲ့ n ကြိမ်မြောက် ကိန်းလုံး U_n ကို ပေးတဲ့ ပုံသေနည်း၊ ရှေ့ဆုံးကိန်း n ခုရဲ့ပေါင်းလဒ် S_n ကိုပေးတဲ့ ပုံသေနည်း၊ A.M ကိန်းနဲ့ G.M ကိန်းများရဲ့ အဓိပ္ပာယ်နဲ့ပုံသေနည်းများကိုလည်း သေသေချာချာ နားလည်မှတ်မိနေဖို့ လိုအပ်ပါတယ်။ G.P ကိန်းစဉ်တစ်ခုအတွက် ဘယ်အချိန်မှာ The sum to infinity ရှိတယ်၊ ရှိခဲ့ရင် သူ့ရဲ့တန်ဖိုး ဘယ်လောက်ဆိုတာလည်း နားလည်မှတ်မိရမှာ ဖြစ်ပါတယ်။

ဒီအခန်းက ပုစ္ဆာတွေဖြေရှင်းရာမှာ သတိထားရမယ့် အချက်များကတော့ ပုစ္ဆာရဲ့ပေးထားချက်များကို သေသေချာချာဖတ်ရှုပြီး သူ့နေရာနဲ့သူ မှန်ကန်တဲ့ပုံသေနည်းများသုံးဖို့၊ U_n နဲ့ S_n ပုံသေနည်းများ မှားယွင်း မသုံးမိဖို့၊ ပုံသေနည်းများ အစားထိုးရာမှာလည်း အရေးအသား စနစ်ကျဖို့ ဖြစ်ပါတယ်။

ယခုဆက်လက်ပြီး Chapter 6 Matrices အကြောင်း ရှင်းပြပါမယ်။ ဒီအခန်းမှာ Matrix တစ်ခုရဲ့ order၊ matrix နှစ်ခုတူညီခြင်း၊ matrix တစ်ခုရဲ့ transpose၊ matrix နှစ်ခုပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ matrix တစ်ခုနဲ့ ကိန်းတစ်ခုမြှောက်ခြင်း၊ zero matrix၊ unit matrix စသည်တို့ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်များကို သဘောပေါက် မှတ်မိနေဖို့ လိုပါတယ်။

2×2 matrix တစ်ခုရဲ့ determinant နဲ့ inverse matrix ရဲ့ အဓိပ္ပာယ်၊ inverse matrix ရဲ့ ပုံသေနည်းနဲ့ singular matrix၊ nonsingular matrix တို့ရဲ့ အဓိပ္ပာယ်များကိုလည်း နားလည် မှတ်မိဖို့ လိုအပ်ပါတယ်။ ဒီအခန်းမှာ matrix equation တွေကို ဖြေရှင်းပုံများ၊ မသိကိန်းနှစ်ခု၊ ညီမျှခြင်းနှစ်ခု ပါဝင်တဲ့ system of linear equations များကို matrix နည်းနဲ့ဖြေရှင်းပုံများကို တတ်မြောက်ထားဖို့ လိုအပ်ပါတယ်။ matrix တစ်ခုရဲ့ inverse သင်္ကေတနဲ့ transpose သင်္ကေတ မှားယွင်း အသုံးမပြုမိဖို့လည်း သတိထားသင့်ပါတယ်။

ယခုဆက်လက်ပြီး Chapter 7 Introduction to Statistics and Probability အကြောင်း ရှင်းပြပါမယ်။ ဒီအခန်းမှာ ကိန်းအစုအဝေးတစ်ခု တွေ့လာရင် အဲဒီကိန်းအစုအဝေးနဲ့ ပတ်သက်ပြီး လေ့လာသင့်တဲ့ ကိန်းတန်ဖိုးသုံးခုဖြစ်တဲ့ mean၊ median နဲ့ mode တို့ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ပုံသေနည်းများနဲ့ တွက်ထုတ်ပုံ၊ တွက်ထုတ်နည်းများကို သိရှိနားလည်ဖို့ လိုအပ်ပါတယ်။ အဲဒီအပြင် possible outcome၊ favourable outcome နဲ့ Probability ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တို့ကို ကောင်းစွာ သဘောပေါက် သိရှိထားရပါမယ်။ Probability တန်ဖိုးတွက်ထုတ်ဖို့ possible outcome တွေကိုရှာတဲ့အခါ tree diagram ဆွဲရှာပါ၊ table တည်ဆောက်ပြီးရှာပါ စသည်ဖြင့် ကန့်သတ်ထားခဲ့ရင် ကန့်သတ်ချက်နဲ့အညီ ရှာဖို့လိုပါတယ်။ ကန့်သတ်ချက် မရှိရင်တော့ မိမိတို့ကြိုက်တဲ့ နည်းနဲ့ ရှာလို့ရပါတယ်။ A နဲ့ B ဟာ ဖြစ်ရပ် နှစ်ခုလို့ထားခဲ့ရင် P (A or B), P (A and B), P (not A) တို့ကို တွက်ထုတ်တဲ့ ပုံသေနည်းများကို သိရှိဖို့နဲ့ ၎င်းတို့ကို ပုစ္ဆာများဖြေရှင်းရာမှာ မှန်ကန်စွာ အသုံးချတတ်ဖို့လည်းလိုပါတယ်။ အဲဒီအပြင် စမ်းသပ်မှုတစ်ခုကို အကြိမ်ပေါင်းများစွာပြုလုပ်တဲ့အခါ မိမိတို့စိတ်ဝင်စားတဲ့ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်မယ့်အကြိမ် မျှော်မှန်းချက် excepted frequency ကို တွက်ထုတ်တဲ့ ပုံသေနည်းကိုလည်း သိထားရပါမယ်။

ယခုဆက်လက်ပြီး Chapter 8 Circles အကြောင်းရှင်းပြပါမယ်။ ဒီအခန်းမှာ ရှေးဦးစွာ စက်ဝိုင်းတစ်ခုထဲက ထောင့်များနဲ့ပတ်သက်တဲ့ သီအိုရမ်နဲ့ ကော်ရော်လာရီများကို သိထားဖို့ လိုအပ်ပါတယ်။

အဲဒီနောက် စက်ဝိုင်းတစ်ခုမှာ ဆွဲသားထားတဲ့ လေးကြိုးမျဉ်း၊ ဝန်းထိမျဉ်း၊ ဝန်းဖြတ်မျဉ်းတို့ရဲ့ အလျားများ ဆက်သွယ်ပုံကိုပေးတဲ့ သီအိုရမ်များ၊ ပြင်ညီတစ်ခုထဲမှာရှိတဲ့ အမှတ်လေးမှတ် concyclic ဖြစ်စေဖို့ လုံလောက်တဲ့ အခြေအနေတွေကိုပေးတဲ့ သီအိုရမ်များကို ကောင်းစွာနားလည်မှတ်မိနေဖို့ လိုပါတယ်။ ဒီသီအိုရမ်များနဲ့ကော်ရော်လာရီများကို ပုစ္ဆာများဖြေရှင်းတဲ့အခါ သူ့နေရာနှင့်သူ အံဝင်ခွင်ကျ အသုံးချတတ်အောင်လည်း လေ့ကျင့်ထားရပါမယ်။ ဒီ Chapter က Geometry ပုစ္ဆာများဖြေရှင်းရာမှာ line သင်္ကေတ၊ ray သင်္ကေတ၊ segment သင်္ကေတ၊ angle သင်္ကေတ၊ similarity သင်္ကေတနဲ့ congruence သင်္ကေတများကို မှန်မှန်ကန်ကန် သုံးစွဲတတ်ဖို့ အထူးသတိပြုရပါမယ်။

ယခုဆက်လက်ပြီး Chapter 9 Areas of Similar Trangles အကြောင်း ရှင်းပြပါမယ်။ ဒီအခန်းမှာ တြိဂံနှစ်ခု သဏ္ဌာန်တူခဲ့ရင် သူတို့ရဲ့ ဧရိယာများအချိုးနဲ့ လိုက်ဖက်အနားများ၊ လိုက်ဖက် အမြင့်မျဉ်းများ၊ လိုက်ဖက်အလယ်မျဉ်းများ၊ လိုက်ဖက်ထောင့် ထက်ဝက်ပိုင်းမျဉ်းများရဲ့ အလျားများ ဆက်သွယ်ပုံ မှန်ကန်ချက်များကို သိရှိဖို့လိုပါတယ်။ ဒီအခန်းက ပုစ္ဆာတွေတွက်ချက်ရာမှာလည်း ရှေ့အခန်း Chapter 8 မှာလို ဂျီဩမေတြီသင်္ကေတများ မှန်မှန်ကန်ကန် သုံးစွဲဖို့ လိုအပ်ပါတယ်။

ယခုဆက်လက်ပြီး Chapter 10 Vectors and Transformation Geometry အကြောင်း ရှင်းပြပါမယ်။ Vector တွေနဲ့ ပတ်သက်ပြီး အခြေခံသဘောတရားတွေဖြစ်တဲ့ vector တစ်ခုရဲ့အဓိပ္ပာယ်သတ်မှတ်ချက်၊ vector နှစ်ခုတူညီခြင်း၊ vector တစ်ခုရဲ့ negative vector၊ zero vector၊ unit vector၊ vector နှစ်ခုပြိုင်ခြင်း၊ vector နှစ်ခုပေါင်းခြင်း၊ နုတ်ခြင်း၊ vector တစ်ခုနဲ့ကိန်းတစ်ခုမြှောက်ခြင်း၊ position vector စသည့် သဘောတရားများကို သေသေချာချာ နားလည်မှတ်မိနေဖို့ လိုပါတယ်။ vector နှစ်ခုပြိုင်ခဲ့ရင်သူတို့နှစ်ခု ကြားမှာရှိတဲ့ ဆက်သွယ်ချက်၊ အမှတ်သုံးမှတ် မျဉ်းတစ်ဖြောင့်တည်းကျခဲ့ရင် အဲဒီအမှတ်တွေကို ဆက်သွယ်လို့ရရှိတဲ့ vector များ ကြားမှာရှိတဲ့ ဆက်သွယ်ချက်တို့ကိုလည်း သိထားရပါမယ်။ vector တွေကို သုံးပြီး ဂျီဩမေတြီပုစ္ဆာများ ဖြေရှင်းပုံကိုလည်း လေ့လာထားသင့်ပါတယ်။ Section formula နဲ့ midpoint formula များဟာလဲ အချို့ပုစ္ဆာများ တွက်ချက်ရာမှာ အသုံးဝင်တာမို့ မှတ်သားထားရပါမယ်။ ဒီပုံသေနည်းတွေအပြင် XY- ကိုဩဒိနိတ်ပြင်ညီထဲက vector တွေနဲ့ ပတ်သက်တဲ့ ပုံသေနည်းတွေလည်း နားလည်မှတ်မိနေဖို့ လိုအပ်ပါတယ်။ vector ပုစ္ဆာများ ဖြေရှင်းရာမှာ vector သင်္ကေတဖြစ်တဲ့ အောက်ဘက်မှ bar များမကျန်အောင် သတိထားကြရပါမယ်။ ဗက်တာသင်္ကေတနဲ့ မျဉ်းပိုင်း segment သင်္ကေတ မှားယွင်းမသုံးမိဖို့လဲ ဂရုပြုကြရပါမယ်။ ဒီ Chapter ရဲ့ Transformation Geometry အပိုင်းမှာတော့ အခြေခံ transformation တွေဖြစ်တဲ့ reflection၊ rotation၊ translation တွေရဲ့အဓိပ္ပာယ်နဲ့ သူတို့ကို ကိုယ်စားပြုတဲ့ matrix များကို ကျက်မှတ်ထားပြီး ပေးထားတဲ့ အမှတ်တွေရဲ့ ပုံရိပ်များ ရှာတတ်အောင် လေ့ကျင့်ထားသင့်ပါတယ်။

ယခုဆက်လက်ပြီး Chapter 11 Trigonometry အကြောင်း ရှင်းပြပါမယ်။ ဒီအခန်းမှာ ဦးစွာပထမ စက်ဝိုင်းတစ်ခုက degree နဲ့ radian ယူနစ်များ ဆက်သွယ်ပုံ၊ အဝန်းပိုင်းတစ်ခုရဲ့ အလျားနဲ့ စက်ဝိုင်းစိတ်တစ်ခုရဲ့ဧရိယာကို ပေးတဲ့ ပုံသေနည်းများကို သိထားရပါမယ်။ အဲဒီနောက် Trigonometric အချိုး (၆) ချိုးရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်၊ basic acute angle သဘောတရားနဲ့ အခြေခံပုံသေနည်းများ၊ compound angle formula၊ double angle formula၊ half angle formula၊ factor formula များကို မှတ်မိအလွတ်ရနေဖို့ လိုပါတယ်။ ဒီပုံသေနည်းများကို Trigonometric equation များ ဖြေရှင်းတဲ့အခါနဲ့ Trigonometric identities များ သက်သေပြရာမှာ မှန်မှန်ကန်ကန် အသုံးချတတ်ဖို့လိုပါတယ်။ အဲဒီအပြင် Trigonometry ရဲ့ အခြေခံဥပဒေသနှစ်ခုဖြစ်တဲ့ Law of Sines နဲ့ Law of Cosines ပုံသေနည်းများကိုလည်း သိရှိထားဖို့လိုပြီး ဒီဥပဒေသများနဲ့ တြိဂံများ ဖြေရှင်းတတ်ဖို့လည်းလိုပါတယ်။ ဒီ Trigonometry အခန်းဟာ ပုံသေနည်းများပြားတဲ့ အခန်းဖြစ်တဲ့အတွက် ဒီပုံသေနည်းများကို တစ်ခုနဲ့တစ်ခု မရောထွေးဘဲ တိတိကျကျ သိရှိအောင် ကြိုးစားကျက်မှတ်ထားပြီး ပုစ္ဆာတွေမှာ မှန်မှန်ကန်ကန် သုံးတတ်အောင် လေ့ကျင့်ကြဖို့ တိုက်တွန်းလိုပါတယ်။

ယခုဆက်လက်ပြီး Chapter 12 Calculus အကြောင်း ရှင်းပြပါမယ်။ ဒီအခန်းမှာ ရှေးဦးစွာ အခြေခံသဘောတရားတွေဖြစ်တဲ့ function တစ်ခုရဲ့ limit ဆိုတဲ့ သဘောတရားနဲ့ function တစ်ခုရဲ့ derivative ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တို့ကိုသိရှိထားဖို့ လိုပါတယ်။ အဲဒီနောက် function တစ်ခုရဲ့ derivative များရှာတဲ့အခါအသုံးပြုရမယ့် ဥပဒေသတွေဖြစ်တဲ့ chain rule၊ product rule၊ quotient

စာမျက်နှာ ၁၆ ကော်လံ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရန်ကုန်မြို့
ကြော်ငြာစာ၊ ၁/ ၂၀၀၈

၁။ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းထိန်းသိမ်းရေးဌာနခွဲတွင် လစာနှုန်းကျပ်(၂၇၀၀၀-၁၀၀၀-၃၂၀၀၀)တန်းဝင်ဒုလက်ထောက်ဦးစီးမှူး (လေကြောင်း)ရာထူး(၃၅)နေရာ လစ်လပ်လျက်ရှိပါသဖြင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၁-၁-၂၀၀၈ရက်တွင် အသက်(၂၅)နှစ်၊ ဝန်ထမ်းဖြစ်လျှင်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။
- (ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ ရရှိထားသူဖြစ်ရမည်။
- (ဃ) နေရာဒေသမရွေး၊ နေ့ည အချိန်မရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။(အမျိုးသား/ အမျိုးသမီးများ လျှောက်ထားနိုင်သည်။)
- (င) အင်္ဂလိပ်စကားပြောကျွမ်းကျင်ရမည်။
- (စ) ဌာနတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း စာချုပ်ချုပ်ဆိုနိုင်သူ ဖြစ်ရမည်။ (စာချုပ်ပါအာမခံသူများသည် ဆွေမျိုးသားချင်းထဲမှ ဖြစ်ရမည်။)

၃။ လျှောက်လွှာတွင် အောက်ပါတို့ကို အပြည့်အစုံဖော်ပြရမည်-
- (က) လျှောက်ထားသူ၏အမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ်
- (ခ) မွေးနေ့သက္ကရာဇ်
- (ဂ) မိဘအမည်
- (ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
- (င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (စ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရုံး
- (ဆ) ဝန်ထမ်းဖြစ်လျှင်လက်ရှိရာထူး၊လစာနှုန်း၊ စတင်တာဝန် ထမ်းဆောင်သည့် နေ့ရက် ဌာနအမည်၊
- (ဇ) ဆက်သွယ်ရန် နေရပ်လိပ်စာ အပြည့်အစုံ။

၄။ လျှောက်လွှာနှင့်အတူ ပူးတွဲလျက် အောက်ပါတို့ကို ၁၅-၂-၂၀၀၈ ရက်နောက်ဆုံးထား၍ အပိုဒ် (၅)ပါလိပ်စာအတိုင်း ဤဦးစီးဌာနသို့ ပေးပို့ရမည်-
- (က) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ
- (ခ) အသက်အတွက် အထောက်အထားမိတ္တူ
- (ဂ) လျှောက်ထားသည့် ရာထူးနှင့်သက်ဆိုင်သော အခြားအထောက်အထားများ။

၅။ ဝန်ထမ်းမဟုတ်သူများသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့ ဖုန်း-၅၃၃၀၀၉သို့ တိုက်ရိုက်ဆက်သွယ် လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအကဲများမှတစ်ဆင့် လျှောက်ထားပြီး ကြိုတင်မိတ္တူတစ်စောင်ကို ပေးပို့ထားရမည်။

၆။ ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုရမည်ဖြစ်ပြီး၊ ရေးဖြေအောင်မြင်သူများအား ဘုတ်အဖွဲ့ဖြင့် လူတွေ့စစ်ဆေးရွေးချယ်သွားမည်ဖြစ်သည်-
- (က) အင်္ဂလိပ်စာဘာသာရပ်
- (ခ) သင်္ချာဘာသာရပ်
- (ဂ) အထွေထွေဗဟုသုတဘာသာရပ်

၇။ လျှောက်ထားသူများသည် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်တွင် ဤဦးစီးဌာနသို့ လူကိုယ်တိုင်သတင်းပို့ရမည်။ ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို ၎င်းနေ့တွင် အကြောင်းကြားပါမည်။

အမည်ပြောင်း

ဦးဇော်မိုးလွင်၏ သမီး တွဲအထက သဇင်ကျေးရွာ အင်္ဂမတန်းမှ မငြိမ်းဟေမာန်လွင်အား ယနေ့မှစ၍ မငြိမ်းဟေမာန်ဇော်ဟု ခေါ်ပါရန်။

မငြိမ်းဟေမာန်ဇော်။

နိမသောင် ကိုးနဝင်းစေတီ ရွှေထီးတော်တင်

ရန်ကုန် ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်း ပုသိမ်မြို့ ရေကြည်ရေနောက် ကုန်းမြေမြတ်၌ တည်ရှိသော လေးကျွန်းရန်အောင် ဖောင်တော်ဦးစေတီအနီးရှိ နိမသောင်ကိုးနဝင်းစေတီ ရွှေထီးတော်တင်လှူပွဲနှင့် အနေကဇာတင်ပွဲကို ဇန်နဝါရီ ၂၇ ရက်က အဆိုပါစေတီ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကုန်းသာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဝိလာသ အမှူးပြုသော သံဃာတော်များက အနေကဇာတင် ပူဇော်ကြသည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်လာကြသော ဧည့်ပရိသတ်များ သုံးဆောင်ရန် ပုသိမ်မြို့ ရောမင်း(၄)လမ်းနေ ဘုရားဒါယကာ ဦးမြတ်ထွန်း-ဒေါ်အေးအေးသိန်း၊ သမီး မတင်မိုးမိုးလှိုင်၊ မသဉ္ဇာကျော်တို့က ဒံပေါက်များ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

Follow Me & Secret Beauty Products များ အထူးဈေးရောင်းပွဲနှင့် ကုန်ပစ္စည်းမိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

Ta- Fa Trading Co., Ltd. ၏ Follow Me & Secret Beauty Products များ အထူးဈေးရောင်းပွဲနှင့် ကုန်ပစ္စည်းမိတ်ဆက်ပွဲကို ဖေဖော်ဝါရီ၃ရက်နံနက်၁၁ နာရီက ရန်ကုန်မြို့ Hotel Nikko Royal Lake ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ နံနက် ၁၁နာရီမှစတင်၍ Follow Me & Secret Beauty Products များကိုနှစ်ခြိုက်စွာဝယ်ယူသုံးစွဲကြသူများအား ပစ္စည်းတစ်ခုဝယ်လျှင် တစ်ခုလက်ဆောင်ပေးခြင်း၊ ဝယ်ယူသည့်ငွေပမာဏအလိုက် လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခြင်း၊ ဗလာမပါကံစမ်းမဲဖြင့် ရွှေဆွဲပြားဆု အပါအဝင် အခြားဆုမဲပေါင်းများစွာ ချီးမြှင့်ခြင်းတို့ဖြင့် တပျော်တပါး ဝယ်ယူနိုင်ရန် ရောင်းချပေးသည်။ ထို့အပြင် Secret Sea White Skin Care Products များဖြင့် အလှမယ်နေခြည်လင်းလဲ့အား လက်တွေ့သရုပ်ပြခိုင်းပေးပြီး Follow Me Oil Control နှင့် Nautre's Path Shower Foam များအကြောင်း တင်ပြသည်။

ထို့နောက်ညနေပိုင်းတွင် အထူးဈေးရောင်းပွဲနှင့် ကုန်ပစ္စည်းမိတ်ဆက်ပွဲကိုကျင်းပရာ Ta- Fa Trading Co., Ltd. မှ Executive Director ဦးထွန်းကြည်ကကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လက်တွေ့လိမ်းခြယ်သရုပ်ပြခြင်း၊ Products များအကြောင်း ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်သည်။ ယင်းနောက်အထူး အရောင်းအစီအစဉ်အရ လက်လီလက်ကားကိုယ်စားလှယ်ကြီးများအား ဝယ်ယူသောငွေပမာဏအလိုက် ငွေကျပ် ၁၂၅၀၀တန် လက်ဆောင်ပစ္စည်းများမှအစ ငွေကျပ် ၅၉၄၀၀၀တန် ရွှေဆွဲပြားများ၊ ရွှေဆွဲကြိုးများအပြင် နိုင်ငံခြားစရိတ်ငြိမ်းအလည်အပတ် ခရီးစဉ်ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့နှင့် မကာအိုမြို့များသို့ သွားရောက်လည်ပတ်မည့် ကံထူးရှင် လက်ကားကိုယ်စားလှယ်ခြောက်ဦးအနက် အောက်မြန်မာပြည်အတွက် ကံထူးရှင်သုံးဦးကို ရွေးချယ်ပေးသည်။ **(သတင်းစဉ်)**

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာမိုးတင်-ဒေါက်တာအိအိတင်၊ သမီးနိုင်တင်ဇာသူ၊ သား မောင်ကောင်းတင်ခန့် မိသားစုက ရွှေပြည်ဟိန်းကုသိုလ်ဖြစ် သွားဆေးကုခန်းအတွက် သွားခုံနှင့် ပစ္စည်းစုံ ငွေကျပ်သိန်း ၅၀ကျော်တန်ဖိုးရှိ ပစ္စည်းများကို လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်မြတ်က ဂုဏ်ပြုလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

ညောင်ဦးခရိုင် ပြန်/ဆက် လုပ်ငန်း အောင်မြင်ရေး ညှိနှိုင်းစည်းဝေး

ညောင်ဦး ဇန်နဝါရီ ၂၀

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၇-၂၀၀၈ခုနှစ် တတိယလေးလပတ် လုပ်ငန်းအောင်မြင်ရေးညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၁ ရက်က ခရိုင်ဦးစီးအရာရှိရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင်ခရိုင်ဦးစီးအရာရှိဒေါ်တင်မြလွင်က ဒီဇင်ဘာ ၂၈ ရက်တွင် မန္တလေးတိုင်းရုံး၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း၏ မှာကြားချက်များကိုထပ်ဆင့်ရှင်းလင်းပြီး တတိယလေးလပတ်လုပ်ငန်း စီမံမှုများကို ရှင်းလင်းသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ငါ့သရောက်မြို့ ဦးစီးမှူးနှင့်ညောင်ဦးခရိုင်ရုံးမှ မြို့နယ်ဦးစီးမှူးတို့၏ တင်ပြချက်များကို ခရိုင်ဦးစီးအရာရှိက ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

7-2 (16) 1 2/7/08, 1:18 AM

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ပဉ္စမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်အောင်မြင်မှုများ ရေရှည်ထိန်းသိမ်း လူနာနှင့်မိသားစု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်

အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပဉ္စမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် ယခုနှစ်ကျင်းပသည့် ပဉ္စမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ဆောင်ပုဒ်အဖြစ် **"အနာကြီးရောဂါကင်းဝေးနေစေဖို့၊ ဆက်လက်ကြိုးပမ်းဆောင်ရွက်စို့"**၊ "Sustain Leprosy Control Activities: Let's Continue Our efforts" ဟူ၍ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားကြောင်း။

ပြန်လည်ထူထောင်ရေး

လူနာအချို့သည် MDT ဖြင့်ကုသ၍ ရောဂါပျောက်ကင်းပြီးသော်လည်း ကိုယ်အင်္ဂါမသန်စွမ်းမှုများ ဖြစ်ပေါ်နိုင်သဖြင့် ကိုယ်လက်အင်္ဂါမသန်စွမ်းမှု မဖြစ်အောင် ကြိုတင်ကာကွယ်ပေးခြင်း၊ ကိုယ်အင်္ဂါမသန်စွမ်းမှုရှိပြီးသူများအား *စာမျက်နှာ ၁၂ ကော်လံ ၁* ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



အသီးတစ်ရာ
အညာတစ်ခု
ဒို့ပြည်ထောင်စု

မြန်မာ့အလင်း (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

❒ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကယားပြည်နယ် (စာ - ၇)

❒ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရာတွင် လည်းကောင်း၊ ပြည်ထောင်စုသားတို့ လွတ်လပ်ရေးအရသာ ခံစားနိုင်အောင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လည်းကောင်း ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီဖြင့် စုပေါင်းလက်ယှက်၊ ညီညွတ်စွာဆောင်ရွက်ခဲ့ကြသည်။ တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး (စာ- ၈၊ ၉ နှင့် ၁၀)

❒ ပြည်ထောင်စုကိုချစ် ဖိုးရန်နိုင်(ကျောက်ကြီး)၏ ကဗျာ (စာ-၉)

❒ လူ့အခွင့်အရေး ဝင်းတင်၏ ကာတွန်း (စာ-၁၀)